မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၃၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ထိသာဖြစ်နိုင်
အမှန်တကယ်ဖွံ့ဖြိုးသောနိုင်ငံဖြစ်လိုလျှင် စက်မှုနိုင်ငံဖြစ်အောင် ထူထောင်ရမည်

စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံ၍ အရင်းအနှီးစုဆောင်းပြီး စက်မှုနိုင်ငံဖြစ်အောင် ကြိုးပမ်း

ဧရာဝတီတိုင်းတွင် ရေလမ်းသာမက မော်တော်ကားလမ်းဖြင့်ပါ လွယ်ကူစွာသွားလာနိုင်ပြီ
တိုင်းအတွင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင်လမ်းပေါင်း ၁၀ လမ်းရှိ
မူလလမ်းများနှင့်ဆက်စပ်ပေါင်းစည်း၍ တိုင်းတစ်ခုလုံးလွှမ်းခြုံသည့် လမ်းကွန်ရက်ကြီးဖြစ်လာမည်

နေပြည်တော် နိုဝင်ဘာ ၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုအားပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊

စာမျက်နှာ ၇ ကော်လံ ၁ ●

ရာဇူဒိုင် တံတားအမှတ်(၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင် တံတားအမှတ်(၂) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် နိုဝင်ဘာ ၅ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင် နိုင်ငံတော်၏စေတနာနှင့်ရည်မှန်းချက် အလေးထားကြိုးစား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုရန် ပြင်စလူမြို့သို့ နိုဝင်ဘာလ ၃ရက်နေ့က ရောက်ရှိခဲ့သည်။

နိုင်ငံတော်အကြီးအကဲက နာဂစ်မုန်တိုင်းကဲ့သို့ ပြင်းထန်သော မုန်တိုင်းမျိုးကို မိမိတို့ယခင်က မကြုံဖူး မတွေ့ဖူးခဲ့ကြောင်း၊ အဖျက်စွမ်းအားကြီးမားမှုကို ယခု ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နောင်၌ အလားတူမုန်တိုင်းမျိုး ထပ်မံကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် မိမိတို့ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားခဲ့သည်။

ဒေသတွင်း လမ်းများဖောက်လုပ်ရာ၌ လမ်းအဖြစ်သာမက လမ်းဖောက်လုပ်မှုကြောင့် ဖြစ်ပေါ်လာသော လမ်းဘေးမြောင်းများအတွင်း လှေငယ်များဖြင့် သွားလာနိုင်ရန်နှင့် လမ်းခင်းအမြင့်တင်ထားသော လမ်းကုန်းပိုင်းပေါ်၌ အရေးပေါ်ခိုလှုံရန်တို့အတွက် စီစဉ်ဖောက်လုပ်လျက်ရှိပြီး Cyclone Shelter များကို အရေးပေါ်ခိုလှုံရန်သာမက သာမန်ချိန်၌ စာသင်ကျောင်း၊ ဆေးရုံအဖြစ် အသုံးပြုနိုင်စေရန် စီမံဆောင်ရွက်ထားသည်။

ပျက်စီးသွားသောဒေသတွင်း စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများကိုလည်းကောင်း၊ ရေငန်တားတမံ ပျက်စီးမှုများကိုလည်းကောင်း အမြန်ပြန်လည်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးမှုလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း ပုံမှန်ပြန်လည်ရောက်ရှိရန် ထောက်ပံ့ကူညီ စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ဒေသခံပြည်သူတို့အား သမားရိုးကျစီးပွားရေးလုပ်ငန်းများအပြင် လက်မှုလုပ်ငန်း အတတ်ပညာသည်များ ထွက်ပေါ်လာရန် အိမ်တွင်းလက်မှုလုပ်ငန်း အထူးသင်တန်းများကို ဒေသခံပြည်သူများအတွက် လှည့်လည်ဖွင့်လှစ်နေသကဲ့သို့ အချို့အထက်တန်းကျောင်းများ၌ စက်မှုလက်မှုကျောင်းများကို တွဲဖက်ဖွင့်လှစ်ခဲ့ပြီး စက်မှုလက်မှုလုပ်ငန်းများကို တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

ယင်းဒေသများသည် လေဒဏ်မိုးဒဏ်ခံရသည့် ပင်လယ်နှင့်ဆက်စပ်နေသော လွင်တီးခေါင်ဒေသမျိုးဖြစ်ရာ စပါးအပြင် အခြားသီးနှံများကို ရှာဖွေစမ်းသပ်၍ သီးထပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးရန် ကြိုးစားကြရမည်ဖြစ်ပြီး ရေ၊ မြေ၊ ရာသီဥတု၊ သယံဇာတကို အကျိုးရှိစွာ အပြည့်အဝ အသုံးချနိုင်ရန် တွေးခေါ်ကြံဆပြီး လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်းကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ပေသည်။

စီးပွားရေးတိုးတက်မှုရှိမှသာ ပြည်သူများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်း တည်တံ့မည်ဖြစ်၍ နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ ဆားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများသည် နိုင်ငံတော်၏စေတနာနှင့် ရည်မှန်းချက်တို့ကို မှန်ကန်စွာနားလည်ပြီး မိမိဒေသအတွက် အပတ်တကုတ် ကြိုးစားလုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားဟောင်းများ ပဥ္စမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ

ရန်ကုန် နိုဝင်ဘာ ၄

ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ ၁၉၆၄ ခုနှစ်တွင် စတင်တက်ရောက် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၃ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဆီသို့ ဖိတ်စာများ ပေးပို့လျက်ရှိပြီး မရရှိသေးပါကလည်း တက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာကျော်ထွေး ဖုန်း-၀၁-၅၆၃၆၁၁၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း-၀၁-၆၂၉၁၆၇၊ ဒေါက်တာတင်မောင်ဝင်း (PSI-Ygn) ဖုန်း-၀၁-၂၉၀၃၉၀၊ ဒေါက်တာတင်ဦး(PSI-Mdy) ဖုန်း-၀၂-၈၀၆၈၅၊ ဒေါက်တာမြင့်မြင့်ဇင် ဖုန်း-၀၁-၅၆၁၈၃၇၊ ဒေါက်တာဥမ္မာသွင် ဖုန်း-၀၁-၅၃၇၆၅၆၊ ဒေါက်တာမျိုးလွင် ဖုန်း-၀၁-၅၀၅၀၂၉၊ ဒေါက်တာမြင့်မြင့်သွင် ဖုန်း-၀၁-၅၆၆၈၉၆၊ ဒေါက်တာခင်စန်းဝင်း ဖုန်း-၀၁-၆၆၁၅၄၅၊ ဒေါက်တာမေမြင့်ဦး ဖုန်း-၀၁-၆၅၂၆၆၅၊ ဒေါက်တာတင်လှ ဖုန်း-၀၁-၅၁၉၁၈၂ နှင့် ဒေါက်တာထင်အောင် ဖုန်း-၀၁-၅၄၃၂၇၃ တို့သို့ ဆက်သွယ်၍ အလှူငွေများ ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား မလေးရှားနှင့်ဂျပန်နိုင်ငံ ဧည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား Golden Momentun Production Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးပြည်စိုးနှင့် မလေးရှားနိုင်ငံမှ Mr. Tan Pi Sin တို့သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း **(အပေါ်ပုံ)**၊ ဂျပန်နိုင်ငံ Jissen Kankyo Ken Kyujyo Inc. မှ ဥက္ကဋ္ဌ Mr. Mizuno Hisashi နှင့်အဖွဲ့သည် မွန်းလွဲ၁နာရီ မိနစ်၅၀တွင်လည်းကောင်း နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၁၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅း၃၀ ၇။ မွေးမြူသုတ
- ၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **မှော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၀)
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၆)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ရှေးဟောင်းသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုငယ်ပေါင်ချိန်**(တတိယတွဲ) (အပိုင်း-၂၃)

တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မာဃ၄လမ်း အမှတ်၇၂၂-က နေ ဦးခင်မောင်စန်း-ဒေါ်တင်တင်အုန်း၊ သမီး မလမင်းမိုမိုမိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ယင်လ်(ငြိမ်း) လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဒလမြို့နယ် ပျော်ဘွယ်ကြီးစံပြကျေးရွာ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်စေရန်အတွက် အဖွဲ့ပိုင်ယန္တရားဖြင့် အထက(၁)ကျောင်းလမ်း လမ်းဘေးရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အောက်တိုဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလှူရှင်များနေ့ဂုဏ်ပြု (၁၁၄)ကြိမ်မြောက် သွေးလှူ

ရန်ကုန် နိုဝင်ဘာ ၄

သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) သုဓမ္မမဏိဇောတဓရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန် (ပထမဆင့်) ဆုရှင်သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် နိုဝင်ဘာ ၃ရက်က (၁၁၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Kurt Michael Campbell အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုဦးတို့ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်းတက်ရောက်သည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသ မိုးအနည်းငယ်ထစ်ချုန်းရွာမည်

ရန်ကုန် နိုဝင်ဘာ ၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ပျမ်းမျှ အပူချိန် တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၉၀ လက်မ၊ သထုံမြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် ကော့ကရိတ်မြို့တွင် ၀ ဒသမ ၁၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နိုဝင်ဘာ ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်ဒေါက်တာမြင့်သိန်းအား ယင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(က) ဦးမြင့်ဇော် ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ခ) ပါမောက္ခဒေါက်တာဒေါ်မာလာဝင်း ပါမောက္ခ/ဌာနမှူး အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် သူနာပြုတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံမှ ဧည့်ပါမောက္ခနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ အာကီတနိုင်ငံတကာတက္ကသိုလ် ဧည့်ပါမောက္ခနှင့် မြန်မာနိုင်ငံစီးပွားရေးစီမံခန့်ခွဲမှု အင်စတီကျူးတက္ကဋ္ဌမစ္စတာတာကာရှိ တာဂျီးမာနှင့်အဖွဲ့သည် ယနေ့ညနေ၄နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ကုန်သည်စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (နိုဝင်ဘာ/၂၀၀၉)ကို **Bronze Billa Co., Ltd.** ၏ ကူညီပံ့ပိုးမှုဖြင့် နိုဝင်ဘာ ၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ **UMFCCI Office Tower** ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ ချစ်ဆွေမြင့်က "မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများအပေါ် ကျွန်တော့်အမြင်" (**"My Own Vision on Dimension of Hospitality Industry in Myanmar"**)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ဆေးဆောင်ရွက်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးအတွင်း အိုင်အိုဒင်းဆားများ ရောင်းချသည့် ဆိုင်များ၌ အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စစ်ဆေးဆောင်ရွက်ကြစဉ်။ (မုဒုံစည်ပင်)

စိန့်ဖလိုမီနာနှင့် အထက(၂)စမ်းချောင်း ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၄

အထက(၂)စမ်းချောင်း(ယခင်စိန့်ဖလိုမီနာ)ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် (၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၆ ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် အထက(၂)စမ်းချောင်း စံပယ်ခန်းမဆောင်၌ ကျင်းပရန်စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းသူဟောင်းများဖြစ်ကြသည့် ခင်မလေး ဖုန်း-၆၄၂၈၃၅၊ ချိုချို ဖုန်း-၀၉-၅၁-၇၆၈၈၈၊ အိုင်လင်း ဖုန်း-၅၀၀၄၁၀၊ ချိုချိုခိုင် ဖုန်း-၀၉-၅၁-၄၈၆၁၇၊ ကာကူး ဖုန်း-၆၈၇၃၄၀၊ ၀၉-၅၁-၄၈၉၄၆၊ မွန်မွန်ယဉ် ဖုန်း-၆၆၁၆၄၈၊ ဖြူဖြူတင် ဖုန်း-၅၃၀၀၆၅၊ သီသီ ဖုန်း-၄၅၀၄၀၀၊ ကြီးကာ ဖုန်း-၀၉-၅၁-၅၈၂၄၃နှင့် အထက(၂) စမ်းချောင်း ဖုန်း-၅၃၅၄၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဩစတြေးလျသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာယိုဟန်းနက်(စ်) ပီတာလီ(ခ်) အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

စတင်ဝင်ရောက်

ဒေါက်တာယိုဟန်းနက်(စ်)ပီတာလီ(ခ်)သည် ၁၉၆၇ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၄ခုနှစ်တွင် ဗီယင်နာစီးပွားရေးနှင့် စီးပွားရေးစီမံခန့်ခွဲမှုတက္ကသိုလ်မှ စီးပွားရေးနှင့် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့နှင့် ၂၀၀၃ခုနှစ်တွင် ဗီယင်နာတက္ကသိုလ်မှ ပါရဂူဘွဲ့တို့ကိုရရှိခဲ့သည်။ ၎င်းသည် ၁၉၉၄ခုနှစ်တွင် ဩစတြေးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၄ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဩစတြေးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့်လည်းကောင်း၊ ၂၀၀၄ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ဩစတြေးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လောလောဆယ်တွင် ထိုင်းနိုင်ငံဆိုင်ရာ ဩစတြေးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ပူးတွဲတာဝန်ထမ်း

ဒေါက်တာယိုဟန်းနက်(စ်)ပီတာလီ(ခ်)သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၃၁ရက်က Ta-Fa Trading Co.,Ltd. ၏ ကုမ္ပဏီအဆောက်အအုံသစ်နှင့် ကုန်ပစ္စည်း အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို အမှတ်(၂၀၅)အေ ဝါးတန်းလမ်း လမ်းမတော်မြို့နယ်၌ ကျင်းပစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)



စစ်မှုထမ်းဟောင်းအဆင့်မြင့်စည်းရုံးရေး သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေး သင်တန်း အမှတ်စဉ် (၁၉/၂၀၀၉)ဖွင့်ပွဲကို နိုဝင်ဘာ ၂ရက် နံနက်၈နာရီတွင် ရန်ကုန်တိုင်း ညောင်နှစ်ပင်ရှိ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုစည်းရုံးရေးကော်မတီဝင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရွှေအင်းဝရော်ဘာစိုက်ပျိုးရေးကုမ္ပဏီ အခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၂/၂၀၀၉) ဆင်းပွဲကို နံနက် ၁၀နာရီတွင် မှော်ဘီမြို့နယ် ဧက ၂၀၀၀ ရော်ဘာခြံ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ ရွှေအင်းဝ ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီမှသင်တန်းသား ၂၀တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အီရတ်၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများပြား ယခုနှစ်အတွင်း ပြည်သူများသေဆုံးမှု ဆိုးရွားစွာဖြစ်ပေါ်

ဘဂ္ဂဒက် နိုဝင်ဘာ ၄

ယခုနှစ်ဇွန်လမှစတင်၍ အီရတ်နိုင်ငံ၏ အဓိကမြို့ကြီးများမှ အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၁ခုနှစ်အတွင်း၌ အပြီးသတ်ရုပ်သိမ်းမည်ဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ လွှဲအပ်ရန်စီစဉ်လျက်ရှိသည်။

သို့ရာတွင် အီရတ်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူအများအပြားသေဆုံးမှုသည် ၂၀၀၇ခုနှစ်မှစတင်ကာ ယခုနှစ်အတွင်း အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိကာ အဆိုးရွားဆုံး ရင်ဆိုင်ကြုံတွေ့နေရသည်။

ပျက်စီး

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဟီလာရာမြို့ရှိ ဈေးကြီး၌ နိုဝင်ဘာ ၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား ငါးဦးသေဆုံးပြီး ၃၅ဦး ဒဏ်ရာရကာ ဈေးဆိုင်များစွာ ပျက်စီးခဲ့သည်။

ပို့ဆောင်ပေး

ယင်းဖြစ်ပွားရာဒေသကို လုံခြုံရေးတပ်ဖွဲ့က ကန့်သတ်ထားရှိပြီး ဒဏ်ရာရရှိသူများအား ပြည်နယ်ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

အလားတူ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းမှ ၈၅ ကီလိုမီတာအကွာရှိ ရာမာဒီမြို့၌ အမေရိကန်စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားလျက် ဗုံးပေါက်ကွဲမှု ခုနစ်ကြိမ်ဆက်တိုက်ဖြစ်ပွားရာ အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး အကြမ်းဖက်သမားများ ခိုအောင်းရာဒေသကို လက်နက်များဖြင့် ပြန်လည်ပစ်ခတ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ ဆင်ခြေဖုံးဒေသတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို နိုဝင်ဘာ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်မြောက်ပိုင်း စစ်ဆင်ရေးအတွင်း စစ်သွေးကြွရှစ်ဦးသေဆုံး၊ လေးဦးဖမ်းမိ

ကွမ်ဒုဇ် နိုဝင်ဘာ ၄

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွမ်ဒုဇ်ပြည်နယ်တွင် အာဖဂန်တပ်ဖွဲ့က နှစ်ရက်ကြာစစ်ဆင်ရေးအတွင်း တာလီဘန်စစ်သွေးကြွ ရှစ်ဦးသေဆုံးပြီး အခြားလေးဦးကို လက်ရဖမ်းမိကြောင်း မြောက်ပိုင်းဒေသထိပ်တန်းတပ်မှူး မူရတ်ဒ်အလီမူရတ်က နိုဝင်ဘာ ၂ရက်၌ ပြောကြားသည်။

ထိန်းချုပ်

အဆိုပါ တာလီဘန်ချေမှုန်းစစ်ဆင်ရေးကို ကာဒါရာခရိုင်နှင့် ဂေါတီပါခရိုင်များ၌ပြုလုပ်ခဲ့ပြီး အာဖဂန်တပ်ဖွဲ့အနေဖြင့် နယ်မြေလုံခြုံရေးကို ကောင်းစွာထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အီရတ် - အာဖဂန် သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်ပြည်တွင်းရေး အိမ်နီးချင်းနိုင်ငံများ စွက်ဖက်နေ အီရတ်ဝန်ကြီးချုပ် မာလီကီ ဝေဖန်ပြောကြား

ဘဂ္ဂဒက် နိုဝင်ဘာ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်မှ အစိုးရအဆောက်အအုံများကို အသေအပျောက်များစွာ အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ်နှင့် ပတ်သက်၍ စတင်စုံစမ်းစစ်ဆေးသူ ကုလသမဂ္ဂအထူးသံတမန် ဖာနန်ဒက်တာရန်ကိုအား အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက နိုဝင်ဘာ ၂ရက်တွင် တွေ့ဆုံကြောင်း ဝန်ကြီးချုပ်ရုံးက ကြေညာသည်။

ယင်းသို့တွေ့ဆုံစဉ် အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက နိုင်ငံရေးလုပ်ငန်းစဉ်ကို ဦးတည်ချက်ထားကာ အိမ်နီးချင်းနိုင်ငံများက မိမိအီရတ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နေကြောင်း ဝေဖန်ပြောကြားလိုက်သည်။

ပြောကြား

အိမ်နီးချင်းနိုင်ငံများက အီရတ်နိုင်ငံတွင် ဘာ့သ်ပါတီပြန်လည်အာဏာရစေလိုကြကြောင်း၊ထို့ကြောင့် ဤကိစ္စတွင်ကုလသမဂ္ဂအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံရုံမှအပ မိမိတို့အနေဖြင့် အခြားရွေးချယ်စရာနည်းလမ်းမရှိကြောင်း ကုလသမဂ္ဂအထူးသံတမန်အား အီရတ်ဝန်ကြီးချုပ် မာလီကီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အစိုးရရုံးဌာန၌ အင်အား ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား တာဝန်ရှိသူများက ရှင်းလင်း ဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ တာလီဘန်တို့ အကြမ်းဖက်မှုများ ပိုမိုလုပ်ဆောင်လာ

ကဘူးလ် နိုဝင်ဘာ ၄

အာဖဂန်နစ္စတန်နိုင်ငံအတွင်း တာလီဘန်အကြမ်းဖက်သမားများမှာ ပြီးခဲ့သည့်လများက စတင်၍ အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားရာ တောင်ပိုင်းပြည်နယ်များမှသည် တည်ငြိမ်အေးချမ်းသည့် မြောက်ပိုင်းဒေသအချို့သို့ပါ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာကြကြောင်း ဆင်ဟွာက ဖော်ပြသည်။

ဆင်နွှဲ

အကြမ်းဖက်သမားများအား လိုက်လံဖမ်းဆီးရန်အတွက် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရှရာဂျန်ဒူရာနီက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံရှိ အလုပ်သမားများလျှော့ချရန် ကန်ထရိုက်ကုမ္ပဏီအား သတိပေးနှိုးဆော်

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံမှ မိမိတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပေးသကဲ့သို့ အီရတ်နိုင်ငံမှ မိမိတို့ အလုပ်သမားအင်အားကို လျှော့ချပေးရန်လိုကြောင်း၊ အလုပ်သမားအင်အားကို ယင်းကဲ့သို့ လျှော့ချပေးခြင်းမပြုပါက အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ အမေရိကန်စစ်ဌာနချုပ်က အရပ်ဘက်ကန်ထရိုက်ကုမ္ပဏီတစ်ခုကို သတိပေးထားကြောင်း နိုဝင်ဘာ ၂ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ဖော်ပြထား

အီရတ်နိုင်ငံရှိ မိမိတို့အလုပ်သမားအင်အားကို လျှော့ချပေးရန် ဟူစတန်အခြေစိုက်ကန်ထရိုက်ကုမ္ပဏီ ကေဘီအာရ်ကို အမေရိကန်စစ်ဌာနချုပ်က သတိပေးလိုက်ကြောင်း၊ ယင်းကဲ့သို့ အလုပ်သမားအင်အားကို လျှော့ချမပေးပါက အမေရိကန်ဒေါ်လာ သန်း၂၀၀နီးပါး ဒဏ်ငွေတပ်ရိုက်ခြင်းခံရမည်ဖြစ်ကြောင်း ယူအက်စ်အေတူဒေးသတင်းတွင် ဖော်ပြထားသည်။

ခြောက်နှစ်ကျော် ဖြစ်ပွားခဲ့သော အီရတ်စစ်ပွဲအပြီး အမေရိကန်ပြည်ထောင်စုက ယင်း၏တပ်ဖွဲ့ဝင်များကို တဖြည်းဖြည်းချင်း ရုပ်သိမ်းပေးနေချိန်တွင် အဆိုပါ သတိပေးချက် ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

ရုပ်သိမ်းပေးမည်

အမေရိကန်ပြည်ထောင်စုနှင့် အီရတ်နိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရများ ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင်အားလုံး အီရတ်နိုင်ငံမှ ၂၀၁၁ ခုနှစ်အကုန်တွင် အပြီးရုပ်သိမ်းပေးရမည်ဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ အရပ်သားတစ်ဦးအား သယ်ဆောင်လာသည်ကို နိုဝင်ဘာ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အရပ်သားများ သေဆုံးသူဦးရေ အောက်တိုဘာလတွင် ပိုမိုများပြားလာ

ဘဂ္ဂဒက် နိုဝင်ဘာ ၄

အီရတ်၌ အကြမ်းဖက်သဖြင့် အရပ်သားများသေကျေရမှုမှာ ဘဂ္ဂဒက်မြို့တော်၌ အသေခံဗုံးခွဲမှုကြီးနှစ်ခုဖြစ်ပြီးနောက် အောက်တိုဘာလတွင် ပိုမိုများပြားလာကြောင်း စာရင်းများက ပြသနေသည်။

ပါဝင်

သေဆုံးသူ အရပ်သား ၃၄၃ဦးအနက် ဘဂ္ဂဒက်မြို့ရှိ တရားရေးဝန်ကြီးဌာနနှင့် အစိုးရအဆောက်အအုံများကို အောက်တိုဘာ ၂၅ရက်က ဗုံးခွဲဖျက်ဆီးတိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေက ထက်ဝက်မက ပါဝင်သည်ဟုဆိုသည်။

အနည်းဆုံးလ

အီရတ်၌ အောက်တိုဘာလအတွင်း တိုက်ခိုက်ရင်းသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသာရှိသဖြင့် ယခုနှစ်တွင် အောက်တိုဘာလသည် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု အနည်းဆုံးလဖြစ်သည်။

ကြိုးပမ်း

ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဇန်နဝါရီလတွင် ပြန်လည်အရွေးခံရန် ကြိုးပမ်းနေသူ အီရတ်ဝန်ကြီးချုပ် မာလီကီအတွက် သိက္ခာကျစရာဖြစ်နေသည်။

အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး နိုဝင်ဘာ၄ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၃၂၆ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၁၈၂၃ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၃၂၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၁၈၂၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် နိုဝင်ဘာ ၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၄ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၂၄ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူ ဦးရေမှာ ၃၇၉၈၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၂၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၇၉၈၉ ဦး

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် စုစည်းရေးသားသည်

အင်ဒိုနီးရှားသမ္မတ မလေးရှားသို့ ခရီးသွားရောက်မည်

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုသည် မလေးရှားနိုင်ငံသို့ ပထမဆုံး အလည်အပတ်ခရီးအဖြစ် နိုဝင်ဘာ ၁၁ရက်မှ ၁၂ရက်အထိ နှစ်ရက်ကြာသွားရောက်ရန် စီစဉ်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုဝင်ဘာ ၄ရက်က သတင်းထုတ်ပြန်သည်။

အီရန်တောင်ပိုင်း၌ ငလျင်လှုပ်၊ နေအိမ်များပျက်စီး

အီရန်နိုင်ငံတောင်ပိုင်း ဘန်ဒါအာဘတ်စ်မြို့တွင် နိုဝင်ဘာ ၄ရက် နံနက်က ရစ်ချ်တာစကေး ၅ ရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်အချို့ပျက်စီးပြီး ၂၆၇ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။ ***(အပေါ်ပုံ)***

တီဟီရန်မှ အမေရိကန်သံရုံးပြောင်းရွှေ့ရေးဆန္ဒပြ

အီရန်နိုင်ငံ တီဟီရန်မြို့မှ အမေရိကန်သံရုံးပြောင်းရွှေ့ပေးရန် အီရန်ပြည်သူ ထောင်ပေါင်းများစွာတို့က အီရန်နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် နိုဝင်ဘာ ၄ရက်က ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း အီရန်အရာရှိများက ပြောကြားသည်။

တရုတ်အနောက်တောင်ပိုင်း၌ ဆီးနှင်းများကျဆင်း

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ရာ စီဂန်နင်း တောင်ပေါ်တက်နေသော ရုရှား ကတ္တာလှည့်ခရီးသွားနှစ်ဦး ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေနေကြောင်း၊ အချို့နေရာများ၌ ဆီးနှင်းထုနှစ်ပေခန့်အထိရှိကြောင်း တရုတ်အရာရှိများက နိုဝင်ဘာ ၄ရက်၌ ပြောကြားသည်။

ခတ္တမန္ဒူမြို့၌ ကလေးငယ် ၄၄ဦးပျောက်ဆုံး

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ပြီးခဲ့သည့်သီတင်းတစ်ပတ်အတွင်း ကလေးငယ် ၄၄ဦးပျောက်ဆုံးခဲ့ကြောင်း၊ အထူးသဖြင့် ၁၀နှစ်မှ ၁၅နှစ်အတွင်းကလေးများ ဖြစ်ကြောင်း၊ စုံစမ်းရှာဖွေလျက်ရှိကြောင်း နီပေါရဲတပ်ဖွဲ့က နိုဝင်ဘာ ၄ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်နျူကလီးယားစွမ်းအင်စက်ရုံဆောက်လုပ်ရန် နေရာသတ်မှတ်

တရုတ်နိုင်ငံ နျူကလီးယားစွမ်းအင်စက်ရုံ သုံးရုံအနက် ပထမဆုံးစက်ရုံကို ဟူဘေးပြည်နယ် ရှင်ကျင့်မြို့အနီး ကမ်းရိုးတန်းဒေသ၌ တည်ဆောက်ရန် နေရာ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၄ရက်၌ သတင်းထုတ်ပြန်သည်။

ဗီယက်နမ်မုန်တိုင်းကြောင့် သေဆုံးသူ ၉၁ဦးရှိလာ

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် နိုဝင်ဘာ ၂ ရက်က တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ နိုဝင်ဘာ ၄ ရက်အထိသေဆုံးသူ ၉၁ဦးအထိရှိလာကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးလျက် ရှိကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

နိုင်ငံခြားအရန်ငွေကြေးထားရှိမှု အင်ဒိုနီးရှား၌ မြင့်တက်လာ

ဂျကာတာ နိုဝင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးထားရှိမှုမှာ ယခုနှစ် အောက်တိုဘာလနောက်ပိုင်း၌ အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံသို့ ရောက်ရှိလာခဲ့ကြောင်း၊ ယင်းမှာ စံချိန်သစ်တစ်ရပ် တင်နိုင်မှုပင်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက သတင်း ထုတ်ပြန်သည်။

ထုတ်ပြန်

ယင်းသို့ မြင့်တက်လာခြင်းမှာ ရေနံနှင့်ဓာတ်ငွေ့များ တင်ပို့ ရောင်းချမှုနှင့်အတူ ရေနံဈေးနှုန်းမှာလည်း ပြန်လည် မြင့်တက် လာခြင်းတို့ဖြစ်ကြောင်း အင်ဒိုနီးရှား ဗဟိုဘဏ်က သတင်း ထုတ်ပြန်သည်။

(အင်တာနက်)



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟွန်ဒါကားကုမ္ပဏီမှထုတ်လုပ်သည့် စက်ရုပ်လူသား အက်စီမို၏ သုံးနှစ်မြောက် အခမ်းအနားကို နိုဝင်ဘာ ၄ရက်က ကျင်းပစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်မဟာဗျူဟာ မူဝါဒပြောင်းမည်မထင် အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီပြောကြား

တီဟီရန် နိုဝင်ဘာ ၄

အီရန်နိုင်ငံအပေါ်ထားရှိသည့် အမေရိကန်နိုင်ငံ၏သဘောထားသည် မဟာဗျူဟာအရ တစ်စုံတစ်ရာ ပြောင်းလဲလိမ့်မည်ဟု အီရန်နိုင်ငံကမထင်ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီက သတင်းထောက်များအား နိုဝင်ဘာ ၂ရက်တွင် ပြောကြားသည်။

မိမိတို့ အီရန်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် ယခင်ကထားရှိခဲ့သည့်အတိတ်ကမူဝါဒကို အခြေခံ၍ မိမိတို့၏အမျိုးသားအကျိုးစီးပွားကို ဆက်လက်ကာကွယ်သွားမည်ဖြစ်ကြောင်းဖြင့်လည်း အလီလာရီဂျာနီက ပြောကြားသည်။

တိုက်တွန်း

အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နိုင်ငံအပေါ် ချဉ်းကပ်မှုအသစ်ဖြင့် ချဉ်းကပ်သွားရန် အီရန်နိုင်ငံက အမေရိကန် သမ္မတ ဘားရက်အိုဘားမားအား တိုက်တွန်းထားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရန်နှင့်ပတ်သက်၍ အပြုသဘောဆောင်သော ကြေညာချက်များကို ထုတ်ပြန်ကြေညာလိမ့်မည်ဟု အီရန်အစိုးရ အရာရှိများက ယုံကြည်ထားသော်လည်း သူကြေညာသည့်အတိုင်း လက်တွေ့ အကောင်အထည်မဖော်ဟု ၎င်းအရာရှိများက ယူဆထားကြသည်။ **(အင်တာနက်)**

A(H1N1) ရောဂါဖြင့် တောင်ကိုရီးယား၌ ၄၅ ဦးသေဆုံးခဲ့ပြီ

ဆိုးလ် နိုဝင်ဘာ ၄

တောင်ကိုရီးယားနိုင်ငံ၌ ယခုသီတင်းပတ်အတွင်း A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူသုံးဦးအပါအဝင် ယင်းနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၄၅ ဦး ရှိသွားပြီဖြစ်ကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

သေဆုံး

သုံးနှစ်သားအရွယ် ကလေးငယ် တစ်ဦး၊ အသက် ၃၀ နှင့် အသက် ၅၀ အရွယ် အမျိုးသားနှစ်ဦးတို့ဖြစ်ကြောင်း၊ ကလေးငယ်မှာ အဆုတ်ရောင်ခြင်းဝေဒနာ ခံစားရသည်ကိုမတွေ့ရှိကြောင်း၊ သို့သော် A(H1 N1) တုပ်ကွေးရောဂါပိုးမှာ ကလေး၏ ဦးနှောက်သို့ရောက်ရှိကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆင့်တိုးမြှင့်

တောင်ကိုရီးယား၌ A(H1N1) တုပ်ကွေးကူးစက်သူ နေ့စဉ် ၁၀၀၀၀နီးပါး ရှိကြောင်း၊ အစိုးရအနေဖြင့် သတိပေးချက် အဆင့်တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

ဖက်ရှင်ပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့ ဖက်ရှင်ပြပွဲ၌ အလှမယ်တစ်ဦးက မင်္ဂလာဝတ်စုံဖက်ရှင်ပြသနေသည်ကို နိုဝင်ဘာ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

(၈၉) နှစ်မြောက် အမျိုးသားနေ့

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၁၁-၁၁-၂၀၀၉)

(၈၉) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်နိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး
- အမျိုးသားပညာရည်မြင့်မားရေး
- နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သောအဖွဲ့

နေပြည်တော်၌ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၊ တိုင်းရင်းသားအဖွဲ့များနှင့်တွေ့ဆုံ၍ နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ သက်သက်ဇင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Michael Campbell** ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၄

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Kurt Michael Campbell ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

အသီးသီးတွေ့ဆုံ

Mr. Kurt Michael Campbell ဦးဆောင်သောအဖွဲ့သည် နံနက် ၁၁ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဧည့်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ သက်သက်ဇင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၂) ဧည့်ခန်းမ၌ တရားသူကြီးချုပ် ဦးအောင်တိုး ဦးဆောင်သော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး ဧည့်ခန်းမ၌ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းဦးဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် လည်းကောင်း၊ ညနေ ၅နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသည့် ကချင်အထူးဒေသ(၁) NDAK အဖွဲ့၊ ရှမ်း/မြောက် အထူးဒေသ(၅) KDA အဖွဲ့၊ ရှမ်း/တောင် အထူးဒေသ(၆) PNO အဖွဲ့၊ ကယားအထူးဒေသ(၂)ကလလတအဖွဲ့၊ ဘုရားကုန်း အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၊ ဒီကေဘီအေအဖွဲ့တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ခေါင်းဆောင်များနှင့်လည်းကောင်း၊ ညနေ ၆ နာရီ ၁၀ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံသည်။

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အုန်းညွန့်နှင့် ဝန်ထမ်းများ အောက်တိုဘာ ၂၀ ရက်က ကြည်စုရပ်ကွက် လင်းရောင်ခြည်စာကြည့်တိုက်၌ စာဌားစနစ်အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်ပြန်/ဆက်)

တည်ခင်းဧည့်ခံ

ယင်းနောက် Mr.Kurt Michael Campbell ဦးဆောင်သောအဖွဲ့အား ည ၇နာရီ မိနစ် ၅၀တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပို့ဆောင်နှုတ်ဆက်

Mr.Kurt Michael Campbell ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ Mr. Kurt Michael Campbell ဦးဆောင်သောအဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသောအခါ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် ဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ကြိုဆိုပြီး နံနက် ၁၁နာရီ မိနစ်၄၀တွင် အင်းလျားလိတ်ဟိုတယ်၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

စီစဉ်ပေးထား

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဌာနချုပ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်များနှင့်လည်းကောင်း တွေ့ဆုံရန် စီစဉ်ပေးထားသည်။ ထို့နောက် တည်းခိုသည့်ဟိုတယ်တွင် ကျန်ရှိသော တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လည်း စုပေါင်း တွေ့ဆုံရန် စီစဉ်ပေးထားသည်။

Mr. Kurt Michael Campbell က ကြိုတင်ပန်ကြားထားသည့်အတိုင်း ၄င်းနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခြင်းမပြုမီ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ကြိုတင်တွေ့ဆုံထားနိုင်ရန်လည်း အစိုးရက စီစဉ်ပေးထားခဲ့သည်။ သို့သော်လည်း နိုဝင်ဘာ ၂ရက် ညနေ ၃ နာရီခွဲတွင် တာဝန်ရှိသူတစ်ဦးက ဦးတင်ဦးမှလွဲ၍ ကျန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံရန် ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်အသိပေးပြောကြားပြီး တွေ့ဆုံလိုသည့်အချိန်ကို မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က မတွေ့လိုကြောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အားလုံး မစုံ၍ မတွေ့နိုင်ကြောင်း၊ အားလုံးကို ကျေးဇူးတင်ကြောင်း ပြန်လည် ပြောကြားခဲ့သည်။

ငြင်းပယ်ခဲ့

နိုင်ငံတော်အနေဖြင့် Mr. Kurt Michael Campbell ၏ တောင်းဆိုချက်ကို အလေးထားသည့်အနေဖြင့် လည်းကောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စေရန်နှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများတိုးမြှင့်ရန် ရည်ရွယ်လျက်လည်းကောင်း အပြုသဘော လိုက်လျောပေးခဲ့သည့်အပေါ် ဒေါ်အောင်ဆန်းစုကြည်က ငြင်းပယ်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံရေးသည် ဖြစ်မြောက်ခဲ့ခြင်း မရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၉နာရီခွဲတွင် လပွတ္တာမြို့သို့ ရောက်ရှိသည်။

မေးမြန်းနှုတ်ဆက်

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား လပွတ္တာမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြရာ ဗိုလ်ချုပ်မှူးကြီးက ဒေသခံပြည်သူများအား ရင်းနှီးစွာ မေးမြန်းနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် လပွတ္တာမြို့ (၃)မိုင်မြို့ကွက်သစ်၌ ခရိုင်အဆင့်ရုံးများ ဆောက်လုပ်နေမှုနှင့် အကွက်အလိုက် မြေနေရာဖော်ထုတ်မှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြို့ကွက်သစ်ရှိ လပွတ္တာခရိုင် ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဗိုလ်ချုပ်မှူးကြီးအား ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာမြို့နယ်တွင် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထွက်ရှိမှု အခြေအနေနှင့် ၂၀၀၉-၂၀၁၀ခုနှစ် မိုးစပါး စိုက်ပျိုးမှု အခြေအနေ၊ ၂၀၀၈-၂၀၀၉ခုနှစ် ငါး၊ ပုစွန် တင်ပို့နိုင်မှုနှင့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် ပိုမိုတင်ပို့နိုင်မှု အခြေအနေ၊ ကျေးလက်အိမ်ရာများ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးမှု၊ Cyclone Shelter များတည်ဆောက်နေမှု၊ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆားလုပ်ငန်းပြန်လည် လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်က ငွေကြေး၊ ရေစုပ်စက်၊ လက်တွန်းထွန်စက်နှင့် စက်သုံးဆီများ ပံ့ပိုးဖြည့်ဆည်းပေးမှုနှင့် လုပ်ငန်းပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှု၊ မြို့တွင်းလမ်းများနှင့် ဆိပ်ခံတံတားတို့ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် အဆင့်မြှင့်တင်ထားမှု၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့တို့တွင် ဝန်ကြီးဌာန အစီအစဉ်ဖြင့် အခြေခံ အိမ်တွင်းမှု အထူးသင်တန်းနှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းဖွင့်လှစ် သင်ကြားပေးနေမှု၊ နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့များဖွဲ့စည်း၍ လေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လပွတ္တာမြို့ (၃)မိုင် မြို့ကွက်သစ် ဖော်ထုတ်နေမှုနှင့် ခုတင်(၂၀၀)ဆံ့ဆေးရုံ တည်ဆောက်နေမှု၊ မြို့ရေပေးဝေရေးအစီအစဉ်အရ လက်ရှိလပွတ္တာမြို့၏ ရေလှောင်ကန်များကို စုစည်းလိုက်ပါက ရေဂါလန် ၁၆သန်းခန့်သာ သိုလှောင်သုံးစွဲနိုင်ရာမှ ယခုထပ်မံ၍ မြေသားရေလှောင်ကန်တစ်ခု တည်ဆောက်လိုက်သဖြင့် ရေဂါလန် သန်း ၁၆၀ပိုမိုသိုလှောင်နိုင်မည့် အခြေအနေ၊ မြို့သစ်၌ ရေဂါလန်(၃၀၀၀၀)ဆံ့ ရေကန်တစ်ခု တည်ဆောက်ပြီး ရေပိုက်စနစ်ဖြင့် သောက်သုံးရေဖြန့်ဝေပေးမည်ဖြစ်ရာ မြို့ကွက်သစ်အတွက် သာမက နောင်၌ လပွတ္တာမြို့တစ်ခုလုံးအတွက် သောက်သုံးရေပေးဝေနိုင်မည့်အခြေအနေ၊ ခရိုင်အဆင့်ရုံးများ ဆောက်လုပ်နေမှု၊ မက်စ်မြန်မာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းမည့် လူငယ်အားမာန် လေ့ကျင့်ရေးသင်တန်းကျောင်းဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ (၃)မိုင်မြို့ကွက်သစ် သင်္ဘောဆိပ်ကမ်းတည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှုနှင့် ငါး၊ ပုစွန် အအေးခန်းစက်ရုံ ဆောက်လုပ်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

စနစ်တကျပြုစုစိုက်ပျိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်မှာကြားရာတွင် လပွတ္တာမြို့ (၃)မိုင်မြို့ကွက်သစ်ဖော်ထုတ်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များဖြစ်သောလမ်း၊ လျှပ်စစ်မီးနှင့် ရေလိုအပ်ချက်တို့ကို တွက်ချက်လေ့လာ၍ အဆင့်အလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင်ကြိုးပမ်းရန်၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးလာအောင် စနစ်တကျစီမံဆောင်ရွက်ရန်၊ မြို့ကွက်သစ်နှင့်လိုက်လျောညီမည့် အလှပင်၊ အရိပ်ရပင်၊ နှစ်ရှည်ပင်များကို စနစ်တကျပြုစုစိုက်ပျိုးရန်၊ တည်ဆောက်နေဆဲလုပ်ငန်းများကို လာမည့် မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်ရန်၊ မြို့ပြဒေသရော ကျေးလက်ဒေသအထိပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျမြှင့်တင်လုပ်ကိုင်၍ မွေးကင်းစကလေးသေနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်သေနှုန်းတို့ကို ထိရောက်စွာလျှော့ကျအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ခံဆရာဝန်ကြီးများက မိမိတို့ လက်အောက်ရှိ သားဖွားဆရာမများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရန်နှင့် ကြပ်မတ်ပေးရန်လိုကြောင်း၊ အခြေခံစာသင်ကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် သီးခြားတွေ့ဆုံ၍ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားနိုင်မှုရှိ/မရှိ၊ စာသင်နှစ်အတွင်း သင်ရိုးညွှန်းတမ်းကုန်/မကုန်၊ ကျောင်းသားများ အမှန်တကယ် စာတတ်မြောက်မှု ရှိ/မရှိ အဆင့်ဆင့် စစ်ဆေးကြပ်မတ်ခြင်းဖြင့် ပညာရည်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

တန်ဖိုးမြှင့်တင်အသုံးချ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက ဒေသတွင်းစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဆက်လက်လမ်းညွှန်မှာကြားရာတွင် လူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်သည်ထက် တိုးတက်အောင် လုပ်ဆောင်ရာ၌ ဒေသ၏သဘာဝအခြေအနေကို သဘာဝအတိုင်း မထားဘဲ လူ့စွမ်းအားဖြင့် ပြုပြင်တည်ဆောက်၍ တန်ဖိုးမြှင့်တင်အသုံးချနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဤဒေသ၌ မိုးစပါးတစ်သီးကိုသာစိုက်ပျိုးသည့် အလေ့အထကို ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း၊ မိုးစပါးအပြီးဖြစ်ထွန်းနိုင်သော အခြားသီးနှံများကို ထပ်မံစိုက်ပျိုး၍ မိသားစုဝင်ငွေတိုးတက်အောင် နည်းလမ်းရှာကြံရန်လိုအပ်ကြောင်း၊ ရေမြေအခြေအနေကို မည်သို့ပြုပြင်ပြီး မည်သည့်သီးနှံကို အောင်မြင်အောင် မည်သို့စိုက်ပျိုးမည်ကို ကြံစည်အားထုတ်ကြရန်အရေးကြီးကြောင်း၊ သီးနှံအလိုက် စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို ပြန်လည်စိစစ်သုံးသပ်လိုက်နာဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အလားတူပင် ရေမြေရာသီဥတုအခြေအနေပေးသည့် သားငါးလုပ်ငန်း၊ ဆားလုပ်ငန်းတို့ကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆားလုပ်ငန်းကို သာမန်စားသုံးမှုအတွက်သာမက စက်မှုကုန်ကြမ်းအဖြစ် လုံလုံလောက်လောက်ထုတ်လုပ်နိုင်အောင် လေ့လာအားပေးရန်လိုကြောင်း၊ ထို့အတူ ဒေသ၏ သားငါးလုပ်ငန်းကိုလည်း အအေးခန်းများ၊ ကုန်ချောစက်ရုံများ တိုးချဲ့တည်ဆောက်၍ တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရန် တီထွင်ကြံဆကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

စက်မှုနိုင်ငံ

ဤသို့ကြိုးပမ်းလုပ်ကိုင်မှသာ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ထိသာဖြစ်နိုင်ပြီး အမှန်တကယ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လိုပါက စက်မှုနိုင်ငံဖြစ်အောင် ထူထောင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၌ ရှိထားပြီးသော စိုက်ပျိုးရေးလုပ်ငန်းကို အစပြုအခြေခံ၍ အရင်းအနှီးစုဆောင်းပြီး မိမိတို့နိုင်ငံကို စက်မှုနိုင်ငံဖြစ်အောင် ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း၊ မိမိတို့ ရည်မှန်းချက်များကိုလည်း မိမိတို့၏အနာဂတ် မျိုးဆက်ကောင်းစားရေးအထိ ကျယ်ကျယ်ပြန့်ပြန့် မြင့်မြင့်မားမားထားရှိပြီး တီထွင်ကြံဆ အလုပ်လုပ်ကြစေလိုကြောင်း လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ်(၂)တွင် လေ့တည်ဆောက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်မည်

ရန်ကုန်ပညာရေးတက္ကသိုလ်၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၀ရက် (စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များမှော်ဘီ၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၅၀၃၉၀၄၊ ၅၀၃၁၄၇၊ ၅၅၇၃၀၉နှင့် ၅၆၄၂၃၁တို့သို့ ပူဇော်ပွဲအတွက် ဆက်သွယ်လှူဒါန်း နိုင်သည်။

အလက(၁)ရန်ကင်း အာစရိယပူဇော်မည်

စံပြလေ့ကျင့်ရေးအလယ်တန်းကျောင်း အလက(၁)ရန်ကင်းတွင် ၁၉၅၄ခုနှစ်မှ ၂၀၀၉ခုနှစ်အထိပညာသင်ယူခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင်ကျင်းပမည်ဖြစ်ရာ ဖုန်း- ၅၅၅၁၈၀၊ လိုင်းခွဲ-၂၆၁နှင့် ၅၆၁၅၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

၂၀၀၉ အောက်တိုဘာ အရောင်ပန်းချီပြပွဲပြသ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်၅၄(ဒီ)ရှိ GV ပန်းချီပြခန်း၌ Golden Valley Art Centre မှ ပန်းချီဆရာများ၏ ၂၀၀၉အောက်တိုဘာ အရောင်အမည်ရှိ ပန်းချီပြပွဲကို အောက်တိုဘာ ၃၁ ရက်ကဖွင့်လှစ်ပြသခဲ့ပြီး နိုဝင်ဘာ ၇ ရက်အထိ ခင်းကျင်းပြသထားသည်။

အထက(၆)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

အထက(၆)ဗိုလ်တထောင်(စိန့်ပေါလ်)ကျောင်းသားဟောင်းများ၏ အကြိမ်(၃၀)မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီခွဲတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကြက်တောင်ဒိုင်လူကြီးသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ ကြီးမှူး၍ ဥပဒေရေးရာနှင့် ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂နာရီမှစ၍ (အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့)များတွင် ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသော ကြက်တောင်ဝါသနာရှင်များ ဖုန်း- ၀၁-၂၂၁၄၉၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

နတ်မောက်အထက မြတ်ဆရာပူဇော်ပွဲ

မကွေးတိုင်း နတ်မောက်မြို့ အထကတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၅ရက်(သောကြာနေ့)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုပါက ဖုန်း-၀၉-၈၀-၂၂၁၈၃နှင့် ၀၆၃-၆၉၄၃၂တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာနိုင်ငံ ဗိသုကာအသင်း ဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်သော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ (လှိုင်တက္ကသိုလ်)မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်ပြီး ဦးဝင်းမြင့်(၁)၊ ဦးမော်လင်း၊ ဦးညွန့်ဝင်းနှင့် ဦးဝင်းမြင့်(၂)တို့က ဗိသုကာလူငယ်များအတွက် အလုပ်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြသည်။

အလွတ်တန်းတံခွန်စိုက် ဖူဆယ်ပြိုင်ပွဲယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအလွတ်တန်းတံခွန်စိုက် ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ တတိယပတ်အတွင်း ကျင်းပမည်ဖြစ်ရာ နိုင်ငံတကာ ဖူဆယ်ဥပဒေများနှင့်အညီ ကစားနိုင်သော ဖူဆယ်ကလပ်အသင်းများနှင့် ပြည်နယ်နှင့် တိုင်းကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ အသေးစိတ်သိလိုပါက ဖုန်း- ၅၇၇၃၆၆နှင့် ၅၆၁၅၃၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရုပ်ရှင်သရုပ်ဆောင်အခြေခံသင်တန်းတက်ရောက်နိုင်

မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော စံကားဝါသရုပ်ဆောင်အခြေခံသင်တန်းတွင် ကွယ်လွန်သူဆရာကြီး ဦးသုခ၏ နှစ်(၁၀၀)ပြည့် မွေးနေ့ အမှတ်တရအဖြစ် ဆရာကြီး၏သားတပည့်များက သရုပ်ဆောင်အခြေခံသင်တန်းကို ပညာဒါနအဖြစ် အခမဲ့သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်လိုသူများ အမှတ် ၂ မိုးကောင်းလမ်း စံကားဝါခန်းမ ရန်ကင်းသို့ လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် ဖုန်း-၄၀၀၅၅၉နှင့် ၅၄၁၀၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အထက(၅)တောင်ငူ မြတ်ဆရာပူဇော်ကြမည်

တောင်ငူမြို့ အထက(၅)ကျောင်းသားကျောင်းသူဟောင်းများ၏မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၉ရက်တွင် ကျင်းပမည်ဖြစ်ရာ အငြိမ်းစားယူသွားသည့်ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖုန်း-၀၁-၂၂၃၀၁၅နှင့် တောင်ငူ ဖုန်း-၀၅၄-၂၃၁၀၇တို့သို့ ဆက်သွယ်နိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် ခုတင်(၂၀၀)ဆံ့ဆေးရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအဆောက်အအုံကို မိုးမကျမီ အမြန်ပြီးစီးအောင် တည်ဆောက်ရန် မှာကြားသည်။

လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်

ဆက်လက်၍ (၃)မိုင်မြို့ ကွက်သစ် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့ဝန်းကျင်၌ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ လပွတ္တာ–သင်္ကန်းကြီး–ပြင်စလူလမ်း ဖောက်လုပ်ထားမှု၊ လပွတ္တာမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ထားမှုနှင့် မြို့ပြန်လည်ဖွံ့ဖြိုးလာမှုတို့ကို လှည့်လည်ကြည့်ရှုရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက စီစဉ်ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၂)သို့ ရောက်ရှိပြီး သင်တန်းသူများ၏ လက်တွေ့ စက်ချုပ်လုပ်ငန်းနှင့် အချက်အပြုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသူများ၏ လက်ရာအဝတ်အထည်၊ အသုံးအဆောင်များ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းအမှတ်စဉ်(၂)သို့ ရောက်ရှိပြီး သင်တန်းသားများ၏ လေ့တည်ဆောက်နေမှု၊ သစ်သားထည်ပစ္စည်းများနှင့် ကျေးလက်သစ်သားအိမ်ရာပုံစံများ ခင်းကျင်းပြသထားမှု၊ သင်တန်းသားများ လက်သမားလုပ်ငန်း၊ ပန်းရန်လုပ်ငန်းနှင့် သံချည်သံကွေး လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဗိုလ်ချုပ်မှူးကြီးက အိမ်တွင်းလက်မှုလုပ်ငန်း သင်တန်းများ ဖွင့်လှစ်ပေးရခြင်းသည် ကျွမ်းကျင်သည့် အခြေခံအလုပ်သမားများ ပေါ်ထွက်လာရန်ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့မှ တည်ဆောက်ရေးလုပ်ငန်းများကို ကွပ်ကဲကြပ်မတ်ဦးဆောင်သည့် အင်ဂျင်နီယာအတတ်ပညာရှင်အများစုကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ထိုအင်ဂျင်နီယာအတတ်ပညာရှင်များနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အောက်ခြေမှ ပူးပေါင်းအကောင်အထည်ဖော်မည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးစသည့် ကျွမ်းကျင်လုပ်သားများမှာလည်း အမှန်တကယ် အထူးလိုအပ်ကြောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် အခြေခံကျွမ်းကျင်လုပ်သားများ လုံလုံလောက်လောက်ရှိရန် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဤသင်တန်းများသည် ဒေသအတွင်း၌ လက်မှုလုပ်ငန်းကျွမ်းကျင်သူများ ပေါ်ထွက်လာပြီး မိသားစုဝင်ငွေ တိုးတက်ရရှိလာစေရန်၊ ထို့အပြင် မိမိရပ်ရွာဒေသ၌ လုပ်ကိုင်နေသော တည်ဆောက်ရေးလုပ်ငန်းများကို ဒေသခံကျွမ်းကျင်သူများဖြင့် လုပ်ကိုင်နိုင်ရန် စသည့် ရည်ရွယ်ချက်များအပြင် ကျွမ်းကျင်သည့် အခြေခံလုပ်သားများ များများစားစား ပေါ်ထွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်လည်း ပါရှိကြောင်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာခရိုင် ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရာဇူဒိုင်တံတားတည်ဆောက်နေမှုနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

လမ်းကွန်ရက်များ သတ်မှတ်ဖောက်လုပ်

ရောဝတီတိုင်း၌ လိုအပ်သော လမ်းတံတားများကို တိုးချဲ့ တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ရောဝတီတိုင်းသည် ရေလမ်းနှင့်သာမက မော်တော်ကားလမ်းများဖြင့်လည်း လွယ်ကူစွာ ဆက်သွယ် သွားလာနိုင်ပြီဖြစ်၊ နာဂစ်မုန်တိုင်းအပြီး၌ ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင် လမ်းသစ်များကို ဖောက်လုပ်လျက်ရှိ၊ ယင်းမူလလျာထားသော လမ်းများအပြင် လမ်းကွန်ရက် ဖြည့်စွက်တည်ဆောက်ရေးအဖြစ် ဘိုကလေး–မော်လမြိုင်ကျွန်း–ကျုံမငေး–မြောင်းမြလမ်း၊ ရောဝတီ အနောက်ဘက် ကမ်းရိုးတန်းလမ်းဖြစ်သည့် ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်းတို့ကို တိုးချဲ့၍ လမ်းကွန်ရက်လမ်းများအဖြစ် သတ်မှတ်ဖောက်လုပ်သွားရန်ဖြစ်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့ ရွှေနဒီခန်းမ၌ အခြေခံအိမ်တွင်းမှုအထူးသင်တန်းအမှတ်စဉ်(၂) သင်တန်းသူများ၏ လက်တွေ့စက်ချုပ်လုပ်ငန်းနှင့် အချက်အပြုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဤသင်တန်းမှ သင်ကြားပေးလိုက်သော အခြေခံပညာများကို တတ်ကျွမ်းအောင် ကြိုးစားကြရန်လိုအပ်ကြောင်းဖြင့် အားပေးမှာကြားသည်။

ကြိမ်ချောင်းကြီးစံပြကျေးရွာ

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ သခွတ်ချောင်း၊ ညောင်ချောင်းနှင့် အခြားလေဘေးသင့်ကျေးရွာများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဒီရေတောများ၊ အရိပ်ရပင်နှင့် လေကာပင်များ စိုက်ပျိုးထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ကြိမ်ချောင်းကြီးစံပြကျေးရွာသ…
ရှင်းလင်းဆောင်၌ နိုင်ငံတော်အကြီးအကဲအာ…
သိန်းအောင်က လေဘေးဒဏ်သင့် ကြိမ်ချောင်း…
ကျေးရွာများအား ပြန်လည်စုစည်း၍ စံပြကျေး…
စံပြကျေးရွာရှိ လူဦးရေအခြေအနေနှင့် အိမ်ရာများ…
အုပ်စုအတွင်း ပြန်လည် ထူထောင်ရေးလုပ်…
စီးပွားရေးလုပ်ငန်းများ ပုံမှန်အခြေအနေသို့ ရေ…
ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ကျေးလက်အိ…
နိုင်ငံ သစ်ကုန်သည်နှင့် သစ်လုပ်ငန်းရှင်များအသင်း…
လှူဒါန်းခဲ့မှု၊ အခြေခံပညာကျောင်းများ ပြန်လည်တ…
ကျောင်းဆောင်သစ်များတည်ဆောက်ပေးနေမှု၊ ကျ…
တည်ဆောက်ပြီးစီးမှုနှင့် ကျန်းမာရေးဝန်ထမ်းများ…
အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်…
လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု၊…
ဒီရေတောနှင့် လေကာ၊ ရေကာပင်များ …

ဖွံ့ဖြိုးရေး၊ တည်ဆော…
အခြေခံလုပ်သား…

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ…
ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်…
ကြီးကြပ်ဆောင်ရွက်နေသည့် သစ်တောရေးရာဝန်…
သိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြ…
ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ကြိ…
ကျေးလက်အိမ်ရာများ တည်ဆောက်ပေးထားမှု၊ …
စိုက်ခင်းများ ထူထောင်ထားမှုကို ကြည့်ရှုစစ်ဆေ…

နှုတ်ဆက်အားပေး…

ဆက်လက်၍ ကျေးရွာအဝင်လမ်းတစ်လျှော…
သည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် အ…
လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ…
ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အောက်ခြေမှအကောင်အထည်ဖော်မည့်ကျွမ်းကျင်လုပ်သားများ အထူးလိုအပ် အခြေခံလုပ်သားများ များများစားစားပေါ်ထွက်လာစေရန် သင်ကြားသောပညာများကို တတ်ကျွမ်းအောင်ကြိုးစား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဘိုကလေးမြို့နယ်၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ကြိမ်ချောင်းကြီး စံပြကျေးရွာ၌ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးထားမှု၊ လေကာ၊ ရေကာ သစ်တောစိုက်ခင်းများ ထူထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ကျေးရွာအဝင်လမ်းတစ်လျှောက်တွင် ကြိုဆိုနှုတ်ဆက်ကြသည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ဗိုလ်ချုပ်မှူးကြီးက ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ကြိမ်ချောင်းကြီးစံပြကျေးရွာသစ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ နိုင်ငံတော်အကြီးအကဲအား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လေဘေးဒဏ်သင့် ကြိမ်ချောင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအား ပြန်လည်စုစည်း၍ စံပြကျေးရွာအဖြစ်တည်ဆောက်ခဲ့မှု၊ စံပြကျေးရွာရှိ လူဦးရေအခြေအနေနှင့် အိမ်ရာများဆောက်လုပ်ထားမှု၊ ကျေးရွာအုပ်စုအတွင်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စီးပွားရေးလုပ်ငန်းများ ပုံမှန်အခြေအနေသို့ ရောက်ရှိမှု၊ စံပြကျေးရွာတွင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ကျေးလက်အိမ်ရာ အလုံး၂၂ဝနှင့် မြန်မာနိုင်ငံ သစ်ကုန်သည်နှင့် သစ်လုပ်ငန်းရှင်များအသင်းက အလုံး ၂၀၀ ဆောက်လုပ်လှူဒါန်းခဲ့မှု၊ အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက် ဖွင့်လှစ်နိုင်မှုနှင့် ကျောင်းဆောင်သစ်များတည်ဆောက်ပေးနေမှု၊ ကျန်းမာရေးဌာနများ ပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားမှု၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီးမှု၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု၊ ရေလွှတ်တောင်ကုန်းများ၊ ဒီရေတောနှင့် လေကာ၊ ရေကာပင်များ စိုက်ပျိုးထူထောင်ထားရှိမှု၊ ကြိမ်ချောင်းကြီး စံပြကျေးရွာ၌ လူ ၃၀၀ဆံ့ Cyclone Shelter၊ ဘုန်းကြီးကျောင်း၊ သိမ်နှင့် ကလေးကစားကွင်း တည်ဆောက်နေမှု အခြေအနေများကို မုန်တိုင်းတိုက်ခတ်ခံရသောအခြေအနေနှင့် ယခုဖြစ်ပေါ် စည်ပင်နေသော အခြေအနေတို့ကို နှိုင်းယှဉ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အရှည် ၄၁မိုင်ရှိ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းအား ပထမအဆင့် ဖောက်လုပ်ပြီးစီးမှုနှင့် တံတားများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးက လမ်းများကို ပထမအဆင့် သွားရ၍လာ၍ရအောင်၊ ထို့နောက် ရေပိတ်လွှာကတ္တရာခင်း၍ ရေရှည် အသုံးခံနိုင်အောင်၊ တိုးတက်မှုရှိနေအောင် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီး စံပြကျေးရွာအတွင်း လူနေအိမ်ရာများ၊ သောက်သုံးရေကန်နှင့် အားကစားကွင်း တည်ဆောက်ထားမှုများ၊ စည်ပင်ဖွံ့ဖြိုးလာမှုများကို လှည့်လည်ကြည့်ရှုကြသည်။

မော်လမြိုင်ကျွန်းမြို့ရောက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် ကြိမ်ချောင်းကြီး စံပြကျေးရွာမှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ လေဘေးဒဏ်သင့်ကျေးရွာများ ပြန်လည်စည်ပင်ဖွံ့ဖြိုးလာမှုကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် မော်လမြိုင်ကျွန်းမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့ရှိ ရာဇူဒိုင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ကိုင်လာနိုင်မှု၊ မြို့နယ်အတွင်းရှိ လှိုင်းဘုန်းကျေးရွာ၊ ငွေစင်ရော်စုစည်းကျေးရွာ၊ ကြက်လျှာစုစည်းကျေးရွာ၊ ခနိချောင်းစုစည်းကျေးရွာ၊ လှိုင်းဘုန်းလေးကျေးရွာ၊ ကျားဟုန်းကျေးရွာနှင့် မော်လမြိုင်ကျွန်းမြို့၌ ကျေးလက်အိမ်ရာ ၁၉၆၄လုံး တည်ဆောက်ပြီးစီးနေရာချထားပေးနိုင်မှု၊ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုနှင့် မော်လမြိုင်ကျွန်းမြို့၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)ဆောက်လုပ်နေမှုနှင့် အခြေခံအိမ်တွင်းမှုအထူးသင်တန်းနှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်၌ ရာဇူဒိုင်မြစ်ကို ဖြတ်ကျော်သည့် ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်နေမှုနှင့် ရာဇူဒိုင်တံတားအမှတ်(၂)၏ စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

စီမံကိန်းဝင်လမ်းမကြီးများ

ဆက်လက်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းမကြီးများဖြစ်သည့် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း၊ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်းနှင့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းတို့တွင် လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ လမ်းကွန်ရက် ဖြည့်စွက်တည်ဆောက်ရေးလမ်းအဖြစ် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်း ၄၆မိုင် ဖောက်လုပ်မည့် အခြေအနေနှင့် တည်ဆောက်မည့် တံတားများကို ရှင်းလင်းတင်ပြသည်။

ဗိုလ်ချုပ်မှူးကြီးက ဧရာဝတီတိုင်း၌ လိုအပ်သော လမ်းတံတားများကို တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ဧရာဝတီတိုင်းသည် ရေလမ်းနှင့် သာမက မော်တော်ကားလမ်းများဖြင့်လည်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ နာဂစ်မုန်တိုင်းအပြီး၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းသစ်များကို ဖောက်လုပ်လျက်ရှိကြောင်း၊ ယင်းမူလလျာထားသော လမ်းများအပြင် လမ်းကွန်ရက်ဖြည့်စွက်တည်ဆောက်ရေးအဖြစ် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်း၊ ဧရာဝတီအနောက်ဘက် ကမ်းရိုးတန်းလမ်းဖြစ်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းတို့ကို တိုးချဲ့၍ လမ်းကွန်ရက်လမ်းများအဖြစ် သတ်မှတ်ဖောက်လုပ်သွားရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဧရာဝတီတိုင်းတွင် လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းပေါင်း ၁၀လမ်းအဖြစ်တည်ရှိပြီး မူလလမ်းများနှင့်ဆက်စပ်ပေါင်းစည်း၍ ဧရာဝတီတိုင်းတစ်ခုလုံး လွှမ်းခြုံသော လမ်းကွန်ရက်ကြီးဖြစ်ပေါ်လာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းလမ်းညွှန်သည်။

ရာဇူဒိုင်တံတားအမှတ်(၁)

ရာဇူဒိုင်တံတားအမှတ်(၁)နှင့် အမှတ်(၂)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ရာဇူဒိုင်တံတားအမှတ်(၁)မှာ တစ်လမ်းသွား သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ၉၉၈ ဒသမ၂ပေ အပါအဝင် စုစုပေါင်း တံတားအရှည် ၁၉၅၅ပေ ၉လက်မရှိသည်။

တံတားယာဉ်သွားလမ်းအကျယ်ပေ ၂၀ရှိပြီး တစ်ဖက်လျှင် အကျယ် နှစ်ပေစီရှိသည့် လူသွားလမ်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ် အကျယ်ပေ ၁၈၀နှင့် ကင်းလွတ်အမြင့် ပေ၂၀ရှိပြီး ခွင့်ပြုဝန်မှာ တန်၆၀ဖြစ်သည်။

ရာဇူဒိုင်တံတားအမှတ်(၂)

ရာဇူဒိုင်တံတားအမှတ်(၂)မှာ တစ်လမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ပေ ၃၀၀ အပါအဝင် စုစုပေါင်းတံတား အရှည် ပေ၅၄၀ရှိသည်။

တံတားယာဉ်သွားလမ်းအကျယ် ပေ ၂၀နှင့် တစ်ဖက်လျှင် အကျယ် နှစ်ပေစီရှိသည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ် အကျယ် ပေ၈၀နှင့် ကင်းလွတ်အမြင့် ၁၀ပေရှိသည်။

ခွင့်ပြုဝန်မှာ တန် ၆၀ဖြစ်ပြီး မကြာမီတည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် စီမံကိန်းရှုရပ်မှ ရာဇူဒိုင်တံတား အမှတ်(၂) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့၏ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြရာ ဒေသခံပြည်သူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ အတတ်ပညာသင်တန်း အမှတ်စဉ်(၂)တွင် သင်တန်းသားများ ပန်းရန်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေကြစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်း စတင်ဆောင်ရွက်ခြင်းနှင့် ရေနံတင်ဆိပ်ကမ်းစတင်ဆောက်လုပ်သည့် အခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဝန်ကြီးများ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် အောက်တိုဘာ ၃၁ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ကျင်းပသည့် မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်း စီမံကိန်း စတင်ဆောင်ရွက်ခြင်းနှင့် ရေနံတင်ဆိပ်ကမ်း(Workboat Wharf) စတင်ဆောက်လုပ်သည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ရေနံတင်ဆိပ်ကမ်း (Workboat Wharf) နှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီပေးမှု အခြေအနေကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက စီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တရုတ်အမျိုးသားရေနံကုမ္ပဏီ(CNPC)ဒုတိယဥက္ကဋ္ဌ Mr. Liao Yong Yuan နှင့် CNPC မှ Planning Institute Mr.Zhang Jia Lin တို့က စီမံကိန်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် CNPC ဒုတိယဥက္ကဋ္ဌတို့က စီမံကိန်း စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ Mr. Wang Zong ying၊ တရုတ်အမျိုးသား ရေနံကုမ္ပဏီ (CNPC)နှင့် Asia World Company Limited တို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်း စတင်ဆောင်ရွက်ခြင်းနှင့် ရေနံတင်ဆိပ်ကမ်း (Workboat Wharf) စတင်ဆောက်လုပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် ရေနံတင်ဆိပ်ကမ်း (Workboat Wharf) ဆောက်လုပ်မည့် ကျောက်ဖြူမြို့နယ် မဒေးကျွန်းရှိ လုပ်ငန်းခွင်သို့ ရေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ရေယာဉ်ပေါ်မှ ဆက်သွယ်ရေးစက်ဖြင့် လုပ်ငန်း စတင်ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားကာ CNPC ဒုတိယဥက္ကဋ္ဌက လုပ်သားများ လုပ်ငန်းစတင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် လုပ်ငန်း စတင်ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁)ပုဇွန်တောင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

အထက(၁) ပုဇွန်တောင် စိန်ရတုအကြိုနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ရာ အခမ်းအနားဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၅ရက် မွန်းလွဲ ၁နာရီတွင် အထက(၁)ပုဇွန်တောင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) အုန်းတောခန်းမဆောင်၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်ဝင်းက အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများကို လက်တွေ့ဖြစ်စဉ်များနှင့် ယှဉ်နှိုင်းဟောပြောသည်။ **(အပေါ်ပုံ)**

တက်ရောက်

မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါ်မိမိတင်၊ မြို့နယ်ဥပဒေအရာရှိ ဦးမင်းသူ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းတို့က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုကြောင့် ဖြစ်ပေါ်လာသော အနိဋ္ဌာရုံဖြစ်ရပ်များ၊ အန္တရာယ်ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်ခံရပုံများကို ရုပ်ပုံဆလိုက်များ၊ ဗီဒီယိုများပြသရှင်းလင်းဟောပြောသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့် ကျောင်းသူကျောင်းသား ၃၅၀တို့ တက်ရောက်ကြသည်။ **(၁၂၃)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁၁-၂၀၀၉
(ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**အဝိဇ္ဇာဦးစီးပုံနှင့် တဏှာဦးစီးပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆း၄၅	ရှိခိုးပူဇော်ယက္ကန်းစင်တောင်တော်
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၁)
၈း၃၀	Sports World(Planet Speed)
၉း၀၀	Zaw Win Htut Emperor 25th Anniversary Live Show(Part-2)
၁၀း၀၀	**မက်မဆုံးတဲ့ပြက်လုံးများ** ဇော်၊ ဗေဒါ၊ ဆင်မ၊ စိုပြေ
၁၀း၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ပြားကိုးဆယ်ဖိုးတုတ်**
၁၀း၅၅	Activities in the City (Chatrium Dream Wedding Fair 2009 နှင့် Lavender Bed Sheet)
၁၁း၀၅	များလူဝေနေကုသိုလ်ယူ ပန်းတဉ်းတန်း၏ရွှေစင်အလှူ
၁၁း၂၅	ဒို့တိုင်းဌာနီရောဝတီ (ဥတိုပေါ်ဆန်းစပါး)
၁၁း၅၀	ရေထဲကငွေ
၁၂း၀၀	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၂း၁၅	ဂုံညင်းတန်းတံတား
၁၂း၂၀	ဧည့ဝတီရဲ့ တေးနရီ ရသစုံလီ ရခိုင်စာပီ
၁၂း၄၀	တေးဂီတအစီအစဉ်
၁း၀၀	**အဝိဇ္ဇာဦးစီးပုံနှင့် တဏှာဦးစီးပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Yuzana Bridal Show-2)
၃း၃၀	အလောင်းတော်ကဿပ လိုဏ်ဂူတော်
၃း၄၅	Activities in the City (Chatrium Dream Wedding Fair 2009 နှင့် Lavender Bed Sheet)
၃း၅၅	နူးညံ့လှပတေဇဂုဏ်ယိမ်းအက
၄း၀၅	ရန်ကုန်မြင်ကွင်းကျယ် (AVON ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၄း၂၀	များလူဝေနေကုသိုလ်ယူ ပန်းတဉ်းတန်း၏ရွှေစင်အလှူ
၄း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ပြားကိုးဆယ်ဖိုးတုတ်**
၅း၁၀	ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင် - ဝေလွှို)
၅း၃၅	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဒို့တိုင်းဌာနီရောဝတီ (ဥတိုပေါ်ဆန်းစပါး)
၆း၅၀	ဆန်းသစ်တီထွင် COAT FASHION (အပိုင်း၁)
၇း၁၅	Fashion Music Festival (Yuzana Bridal Show-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	**မက်မဆုံးတဲ့ပြက်လုံးများ** ဇော်၊ ဗေဒါ၊ ဆင်မ၊ စိုပြေ
၉း၀၀	Zaw Win Htut Emperor 25th Anniversary Live Show(Part-3)
၁၀း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၁)
၁၀း၃၀	ကဏ္ဍစုံအားကစားအစီအစဉ်
၁၁း၄၅	**မြွေကိုက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအကြောင်း** ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာခင်သီတာလွင်
၁၂း၂၀	အလောင်းတော်ကဿပ လိုဏ်ဂူတော်
၁၂း၃၅	**မေတ္တာပန်းတို့ မွှေးပျံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီ ချိုပြုံး (ဒါရိုက်တာ ဓာတ်ပုံရဲမြင့်လွင်)
၁၂း၅၀	ရန်ကုန်မြင်ကွင်းကျယ် (AVON ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထိပ်တန်းအသင်းများ သရေပွဲကျခဲ့သော်လည်း မန်ယူ၊ ချယ်လ်ဆီး၊ ဘော်ဒိုးတို့နောက်တစ်ဆင့်တက်

လန်ဒန် နိုဝင်ဘာ ၄

ချန်ပီယံလိဂ် ဘောလုံးပွဲစဉ်တွေကို နိုဝင်ဘာ ၄ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီးနဲ့ ရီးရဲမက်ဒရစ်တို့ သရေပွဲတွေဖြစ်ခဲ့ကြပြီး ဘေယန်မြူးနစ်တို့ အိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ကြတာမို့ အသင်းကြီးတွေ မှန်းချက်မကိုက် ဖြစ်ခဲ့ကြပေမယ့် မန်ယူ၊ ချယ်လ်ဆီး၊ ပေါ်တိုနဲ့ ဘော်ဒိုးတို့ ၁၆သင်းအဆင့် တက်ရောက်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

မန်ယူနှင့် စီအက်စ်ကေအေမော်စကို

မန်ယူတို့အိမ်ကွင်းမှာ သရေပွဲဖြစ်အောင် မနည်းကြိုးစားခဲ့ကြရပါတယ်။ ဧည့်သည် စီအက်စ်ကေအေမော်စကိုရဲ့ ဒီဇာဂေါ့ဇ်က ၂၅မိနစ်မှာ အဖွင့်ဂိုးသွင်းခဲ့ပေမယ့် အိုဝင်က ၂၉မိနစ်မှာ ချေပဂိုး ချက်ချင်းပြန်သွင်းခဲ့ပါတယ်။ ဒါပေမယ့် ၃၁မိနစ်မှာ ကရာဆစ်၊ ၄၇မိနစ်မှာ ဘီရီဇုပ်စကီးတို့က ဂိုးတွေဆက်တိုက်သွင်းယူခဲ့လို့ မန်ယူတို့ ရေတိမ်နစ်သလိုဖြစ်ခဲ့ရာက ပွဲပြီးခါနီး၈၄မိနစ်မှာ ပေါလ်စခိုးလ်က တစ်ဂိုးနဲ့ လေလွင့်ချိန် အစားထိုးပေးချိန်မှာ စီအက်စ်ကေအေမော်စကိုအသင်းက ရှက်ချန်နီကော့ဗ်က ဘောလုံးရှင်းထုတ်ရာက ဂိုးဝင်သွားလို့ မန်ယူတို့ချေပဂိုးရရှိခဲ့ခြင်းဖြစ်ပြီး အိမ်ကွင်းမှာ သိက္ခာဆယ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ စီအက်စ်ကေအေမော်စကိုက ဆမ်ဘီရက်စ် အနီကတ်ပြအထုတ်ခံခဲ့ရပါတယ်။ ဒီပွဲ သရေကျပေမယ့် မန်ယူတို့ ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီဖြစ်ပါတယ်။

မန်ယူနှင့် စီအက်စ်ကေအေမော်စကိုတို့ပွဲတွင် မန်ယူအတွက် ချေပဂိုးကို အိုဝင် ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အက်သလက်တီကိုမက်ဒရစ်နှင့် ချယ်လ်ဆီး

နှစ်သင်းစလုံး ပထမပိုင်းမှာ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ အက်ဂွီရိုက ၆၆ မိနစ်မှာ အဖွင့်ဂိုးသွင်းယူခဲ့လို့ ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့တာကြောင့် ၈၂မိနစ်နဲ့ ၈၈မိနစ်မှာ ဒရော့ဘာက ချေပဂိုးနဲ့ အနိုင်ဂိုးသွင်းယူခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန်မိနစ် ၉၀ပြည့်ပြီးလေလွင့်ချိန်အတွင်းမှာ အက်ဂွီရိုကပဲ ချေပဂိုးသွင်းယူခဲ့တာမို့ ချယ်လ်ဆီးတို့ သရေတစ်မှတ်နဲ့ ကျေနပ်ခဲ့ရခြင်းဖြစ်ပေမယ့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီဖြစ်ပါတယ်။

အေစီမီလန်နှင့် ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်မှ ဘင်ဇီမာက မိနစ်၃၀မှာ ဂိုးစတင်သွင်းယူနိုင်ပေမယ့် ၃၅ မိနစ်မှာ ပယ်နယ်တီအပေးခံရပြီး ရော်နယ်ဒင်ဟိုက တည်တည်ငြိမ်ငြိမ်ကန်သွင်းယူခဲ့တာမို့ အေစီမီလန်တို့ ချေပဂိုးရရှိခဲ့ခြင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ အနိုင်ဂိုးရရှိရေးအတွက် ကစားအားတင်ခဲ့တာမို့ မာစီလို၊ အာဘီလိုရာနဲ့ ပီပီတို့ အဝါကတ်ပြသတိပေးခံခဲ့ရပါတယ်။ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြပေမယ့် အနိုင်ဂိုးမသွင်းနိုင်ခဲ့လို့ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ပါတယ်။

မက္ကာဘီဟိုင်ဖာနှင့် ဂျူဗင်းတပ်စ်

အိမ်ရှင်မက္ကာဘီဟိုင်ဖာတို့ ခြေစွမ်းပြကစားနိုင်မှုကြောင့် ဂျူဗင်းတပ်စ်တို့ အကြိတ်အနယ်ကစားခဲ့ရပါတယ်။ ဂျူဗင်းတပ်စ်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ကစားခဲ့တာမို့ ၄၅မိနစ်မှာ ကာမိုရာနီဆီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ မက္ကာဘီဟိုင်ဖာတို့ ချေပဂိုးရရှိရေး အဝင်အထွက်ရဲရဲနဲ့ ကစားခဲ့တာမို့ မက်ဆီလီရာ၊ ကူလ်မာနဲ့ အော့မင်တို့ အဝါကတ်ပြခံခဲ့ရပေမယ့် ပွဲပြီးချိန်အထိ ဂိုးမသွင်းနိုင်ခဲ့တာကြောင့် တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့် ဘော်ဒိုး

ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် ဂိုးသွင်းမသေချာတာမို့ ရှုံးပွဲကြုံပြီး သိက္ခာကျစရာဖြစ်ခဲ့ရပါတယ်။ ဧည့်သည် ဘော်ဒိုးအတွက် ၃၈ မိနစ်မှာ ဂူရာကုမ်က တစ်ဂိုးနဲ့ ချာမက်စ်က မိနစ် ၉၀မှာ တစ်ဂိုးသွင်းယူခဲ့တာမို့ ဘိုင်ယန်မြူးနစ်တို့ တစ်ဂိုးမှ မချေပနိုင်ဘဲ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးပြီး မျက်နှာပျက်စရာဖြစ်ခဲ့ရပါတယ်။ ဘော်ဒိုးအသင်းဟာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ။

အခြားပွဲရလဒ်များ

နီကိုရှား	၀ - ၁	**ပေါ်တို**
ဘက်ရှီးတပ်စ်	၀ - ၃	**ဝုဖ်ဘတ်**
မာဆေး	၆ - ၁	**အက်ဖ်စီးဇူးရစ်**

(အင်တာနက်)

မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်။

အိုင်တီလက်တွေ့လုပ်ငန်းခွင်၌ အသင့်ဖြစ်စေနိုင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဆောင်ရွက်မှု

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၄

အိုင်တီနည်းပညာများကား လုပ်ငန်းတိုင်း နေရာတိုင်းတွင် လွှမ်းမိုးလာသည်။ အိုင်တီနည်းပညာ၏ ဖွံ့ဖြိုးတိုးတက်မှုကလည်း လျင်မြန်သည်။ လျင်မြန်စွာ တိုးတက်လာသော အိုင်တီနည်းပညာရပ်များကို လူငယ်များ အခြေခံကျကျ လေ့လာသိရှိတတ်ကျွမ်းရန် လိုအပ်လာပြီဖြစ်သည်။

တတ်မြောက်စေရန်

ထို့ကြောင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းက လူငယ်များ အိုင်တီ

"လူငယ်များ အိုင်တီနည်းပညာ အခြေခံကျကျနဲ့ စနစ်တကျ သိရှိနားလည်စေရန် ကျင်းပပေးခြင်းဖြစ်ပါတယ်"
ဦးရဲရင့်ဝင်း
မြန်မာနိုင်ငံ
ကွန်ပျူတာပညာရှင်အသင်း။

နည်းပညာ အခြေခံကျကျနှင့် စနစ်တကျ တတ်မြောက်စေရန် Network Associate နှင့် Fundamental Software Engineering စာမေးပွဲများ ကျင်းပပေးမည်ဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့က တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"လူငယ်တွေအနေနဲ့ Network Associate နဲ့ Fundamental Software Engineering လုပ်ငန်းတွေမှာ ကျွမ်းကျင်မှု တိုးတက်လာဖို့အတွက်ဖြစ်သလို အဲဒီကျွမ်းကျင်မှုတွေကို အသိအမှတ်ပြုခံနိုင်ရေးအတွက် အခုလိုစာမေးပွဲကျင်းပပေးခြင်း ဖြစ်ပါတယ်။ ဒီစာမေးပွဲအောင်သွားရင် လုပ်ငန်းခွင်မှာ စတင်တာဝန်ထမ်းဆောင်နိုင်ဖို့ အရည်အချင်းတွေရရှိသွားစေမှာဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအနေနဲ့ ကွန်ပျူတာလုပ်ငန်းရှင် အသင်းတွေနဲ့ပူးပေါင်းပြီး အလုပ်ရရှိစေဖို့လည်း စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကဲဖြတ်နိုင်

ယင်းစာမေးပွဲကို လာမည့်ဒီဇင်ဘာလ တတိယသီတင်းပတ်တွင် ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းပြီးစ လူငယ်များ၊ အိုင်တီနည်းပညာကို လေ့လာလိုက်စားသည့် လူငယ်များ ဖြေဆိုသင့်ကြောင်း သိရသည်။ စာမေးပွဲဖြေဆိုခြင်းဖြင့် မိမိတို့၏ အိုင်တီနည်းပညာ တတ်မြောက်ထားမှုသည် လက်တွေ့နယ်ပယ်၌ အသုံးဝင်စွာ လုပ်ဆောင်နိုင်ရန် လုံလောက်သည့်အရည်အချင်းရှိ မရှိဆိုသည်ကို ကိုယ်တိုင်အကဲဖြတ်နိုင်မည်ဖြစ်သည်။

"ဒီစာမေးပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းတွေရှိတဲ့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာနဲ့ ပုသိမ်မြို့တွေမှာ ဝင်ရောက်ဖြေဆိုနိုင်ပြီး လူငယ်တွေ အခက်အခဲမရှိ ဖြေဆိုနိုင်ဖို့ စာမေးပွဲဝင်ကြေးကို တစ်ဦးကျပ် ၅၀၀၀ သတ်မှတ်ပေးထားပါတယ်"ဟု ဦးရဲရင့်ဝင်းက ဆက်လက်ရှင်းပြသည်။

"Network နဲ့ပတ်သက်တဲ့ အခြေခံတွေစစ်ဆေးမယ်"
ဦးရဲကျော်သိန်း
မြန်မာနိုင်ငံ
ကွန်ပျူတာပညာရှင်အသင်း။

တစ်ဖန် စာမေးပွဲတွင် စစ်ဆေးမည့် Network Associate နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ စာမေးပွဲကျင်းပရေး ကော်မတီဝင်တစ်ဦး ဖြစ်သူ ဦးရဲကျော်သိန်းကလည်း "Network နဲ့ပတ်သက်တဲ့ အခြေခံတွေစစ်ဆေးမယ်။ Network နည်းပညာ၊ ကြိုးသွယ်တန်းမှု၊ မီဒီယာနဲ့ တွဲသုံးမှု၊ ဘာသာစကား၊ အမြန်နှုန်း၊ လုံခြုံမှု၊ Major Network Operation System နဲ့ OSI Seven Layer နဲ့ပတ်သက်တဲ့ အကြောင်းတွေ စာမေးပွဲမှာ မေးမှာဖြစ်ပါတယ်"ဟု ၎င်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

လုံခြုံမှု

ယခုအခါ ရုံးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် လျင်မြန်မှုနှင့် လုံခြုံမှု ပိုမိုရရှိစေရန် Network ချိတ်ဆက်ခြင်းများ မဖြစ်မနေ ပြုလုပ်လာကြပြီဖြစ်ရာ အခြေခံကျကျသိရှိထားရန် လိုအပ်လာသဖြင့် စာမေးပွဲ၌ ထည့်သွင်းစစ်ဆေးခြင်း ဖြစ်သည်။

ထိရောက်မှု

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအောင်ဇော်မြင့်ကလည်း စာမေးပွဲဖြေဆိုသူများနှင့် ပတ်သက်ပြီး ထိရောက်မှုအနေအထားကို ပြောပြရာ "ကမ္ဘာနဲ့တစ်ဝန်းမှာ ဆက်သွယ်ရေးစနစ်တွေ ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ ရုံးတွေ၊ စီးပွားရေးလုပ်ငန်းတွေမှာ Network ချိတ်ဆက်မှုတွေ လိုအပ်လာပြီဖြစ်လို့ Network လုံခြုံရေးအတွက် အရေးကြီးလာပါတယ်။ ဒါကြောင့် Network အင်ဂျင်နီယာတွေ အဖြစ် လုပ်ငန်းခွင်မှာ အသင့်ဖြစ်သွားစေဖို့အထိ အကျိုးရှိသွားမှာပါ။ ဒီစာမေးပွဲနဲ့ပတ်သက်ပြီး စာမေးပွဲလမ်းညွှန်စာအုပ် ထွက်ရှိမယ်။ နမူနာမေးခွန်းတွေပါမယ်၊ မေးခွန်းအချို့ဟာ အဖြေမှန်တစ်ခုထက် ပိုမိုရှိနေတတ်တာမို့ တိတိကျကျသိမှသာ စာမေးပွဲဖြေဆိုလို့ရမှာ ဖြစ်ပါတယ်။ စာမေးပွဲအောင်သွားတဲ့ လူတွေကို လက်တွေ့လုပ်ငန်းခွင်မှာ အတွေ့အကြုံရအောင်လည်း ကူညီပေးမယ်"ဟုရှင်းပြသည်။

လက်တွေ့လုပ်ငန်းခွင်တွင်ထိရောက်မှုရှိသည့်အပြင် စာမေးပွဲဝင်ရောက်ဖြေဆိုခြင်းဖြင့် မိမိအတွက် အိုင်တီနည်းပညာနှင့် ပတ်သက်သည့် အချက်အလက်များ ပိုမိုသိရှိ မှတ်သားစေနိုင်မည်ဖြစ်ရာ အကျိုးရှိသည့်အတွက် လူငယ်များ ဝင်ရောက်ဖြေဆိုသင့်သည့်စာမေးပွဲလည်း ဖြစ်သည်။

"စာမေးပွဲအောင်သွားတဲ့ လူငယ်တွေ လက်တွေ့လုပ်ငန်းခွင်မှာ အတွေ့အကြုံရအောင်လည်း ကူညီပေးမယ်"
ဦးအောင်ဇော်မြင့်
မြန်မာနိုင်ငံ
ကွန်ပျူတာပညာရှင်အသင်း။

ဖြေဆိုရမည်

မကြာမီကျင်းပမည့် စာမေးပွဲတွင် ပါဝင်သည့် Software Engineering နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ စာမေးပွဲကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဒေါ်အေးအေးသင်းကလည်း "ဒီစာမေးပွဲ စစ်ဆေးကျင်းပတာကတော့ ကွန်ပျူတာပရိုဂရမ်တွေကို စဉ်းစားတွေးခေါ်ပြီး လက်တွေ့လုပ်ငန်းခွင်မှာ အသုံးဝင်မှုရှိအောင် ဆောင်ရွက်ပေးခြင်းပါပဲ။ ဆော့ဖ်ဝဲလ်ရေးတဲ့အခါဖြစ်ဖြစ်၊ စီးပွားရေးဆိုင်ရာ ဆော့ဖ်ဝဲလ်တွေရေးတဲ့အခါဖြစ်ဖြစ် ဘယ်လိုအခြေခံစနစ်တွေ အသုံးပြုသလဲဆိုတာသိရှိအောင် သုံးနာရီကြာ မေးခွန်းပေးပြီး ဖြေခိုင်းမှာဖြစ်ပါတယ်။ မေးခွန်းက အပိုင်း(က)နဲ့ အပိုင်း

"မေးခွန်းတွေကို အွန်လိုင်းကနေပြီး စစည်းပါတယ်"
ဦးအောင်စိုးမိုး
မြန်မာနိုင်ငံ
ကွန်ပျူတာပညာရှင်အသင်း။

(ခ)ရှိမှာဖြစ်ပြီး အပိုင်း(က)မေးခွန်းက အချိန်တစ်နာရီသတ်မှတ်ထားပြီး အမှားအမှန်ရွေး မေးခွန်းအပုဒ်၄၀ ပါရှိတယ်။ မေးခွန်းအပိုင်း(ခ)က အချိန်နှစ်နာရီပေးပြီး ဖြေဆိုစေမှာ ဖြစ်ပါတယ်"ဟု ပြောပြသည်။

ပရိုဂရမ်တစ်ခုပေးထားပြီး စိစစ်ပေးနိုင်မှု ရှိမရှိ၊ နားလည်မှု ရှိမရှိ မေးမြန်းခြင်း ဖြစ်သည်။ ထို့အတူ ဆော့ဖ်ဝဲလ်တစ်ခုရေးသည့်အခါ မည်သည့်အချက်များ သတိပြုသင့်သည်ကိုလည်း သိရှိသွားစေမည့်မေးခွန်းများ ပါဝင်မည်ဖြစ်သည်။

တစ်ဖန် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ နည်းပညာကော်မတီ အတွင်းရေးမှူး ဦးအောင်စိုးမိုးကလည်း "ဒီစာမေးပွဲမှာ စစ်ဆေးမယ့် မေးခွန်းတွေကို အွန်လိုင်းကနေပြီး စုစည်းပါတယ်။ စာမေးပွဲအောင်သွားတဲ့လူငယ်တွေ

"လက်တွေ့လုပ်ငန်းခွင်မှာ အသုံးဝင်မှုရှိအောင် ဆောင်ရွက်ပေးခြင်းပါပဲ"
ဒေါ်အေးအေးသင်း
မြန်မာနိုင်ငံ
ကွန်ပျူတာပညာရှင်အသင်း။

လက်တွေ့လုပ်ငန်းခွင်မှာ တကယ့်ကို အကျိုးရှိအောင် အသုံးပြုလို့ရမယ့်မေးခွန်းတွေကို ပြုစုထားတာဖြစ်ပါတယ်။ ဒီလိုမေးခွန်းပြုစုတဲ့အခါ လက်တွေ့လုပ်ငန်းခွင်က လူတွေနဲ့ အွန်လိုင်းမှာတွေ့ဆုံပြီး ဆွေးနွေးပြုစုထားခြင်းဖြစ်လို့ လုံခြုံမှုလည်းရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

လူငယ်များအတွက် လက်တွေ့လုပ်ငန်းခွင်၌ အလုပ်ရရှိစေရန်နှင့် လုပ်ငန်းခွင်၌ အသင့်ဖြစ်စေရန် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် စာမေးပွဲဖြစ်သဖြင့် လူငယ်များ ဝင်ရောက်ဖြေဆိုသင့်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက လူငယ်များ အိုင်တီနည်းပညာ အခြေခံကျကျနှင့် စနစ်တကျသိရှိစေရန် Network Associate နှင့် Fundamental Software Engineering စာမေးပွဲများ ကျင်းပပေးမည်။

လူငယ်များအတွက် လက်တွေ့လုပ်ငန်းခွင်၌ အလုပ်ရရှိစေရန်နှင့် လုပ်ငန်းခွင်၌အသင့်ဖြစ်စေရန် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် စာမေးပွဲဖြစ်သဖြင့် လူငယ်များ ဝင်ရောက်ဖြေဆိုသင့်။

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အထက(၁)၌ကျင်းပသော ကမ္ဘာ့စာနပ်ရိက္ခာနေ့ အထိမ်းအမှတ် စားနပ်ရိက္ခာဖူလုံဖို့အားလုံးကြိုးပမ်းဆောင်ရွက်စို့ ဆောင်းပါးပြိုင်ပွဲ၌ တစ်မြို့နယ်လုံး၌ ဒုတိယဆုရရှိသော အမက(၃၆) မူလွန်ရွှေပြည်သာမှ စတုတ္ထတန်းကျောင်းသား မောင်မင်းပြည့်ဖြိုးအား မြို့နယ်လက်ထောက်ပညာရေးမှူး ဦးညွန့်ဝေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျောင်းကုန်းမြို့၌ အရဏ်ဦးစာကြည့်တိုက် ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၄

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပူးပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၄သိန်းတန်ဖိုးရှိ ကံကလေးကျေးရွာ အရဏ်ဦး စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၄ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

ပန္နက်တင်ပွဲအခမ်းအနားကို စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမို၊ ကျေးရွာ ရပ်မိရပ်ဖ ဦးကြည်ဝင်းနှင့် ဦးသောင်းတို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

လက်ခံယူ

ဆက်လက်ပြီး အလှူငွေပေးအပ်ပွဲကို ကျေးရွာအမက၌ ကျင်းပရာ နိုင်ငံတော်ခွင့်ပြုငွေမှ ပထမအကြိမ် ခွင့်ပြုငွေကျပ် ငါးသိန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းကပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးရွာအလှူရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၄သိန်းကို ကျေးရွာ ရပ်မိရပ်ဖ ဦးကြည်ဝင်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှပိုမိုက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်တွေမြို့ သင်္ကေပြင်ကျေးရွာ ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

လက်ပံတန်း၌ ယူကလစ်ပင်စိုက်ပျိုး

လက်ပံတန်း နိုဝင်ဘာ ၄

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလွင်နှင့် သစ်တောဝန်ထမ်းများ အောက်တိုဘာ ၁၀ရက်က မကျီးကွင်းကျေးရွာရှိ အောင်မြင်နေသည့် တစ်ရွာတစ်ဧက ယူကလစ်စိုက်ခင်းကို ရပ်ကွက်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ မြေဆွခြင်း၊ ပေါင်းလိုက်ခြင်းများ ဆောင်ရွက်ကြသည်။
(၁၇၅)

5-11 (11).pmd 1 11/5/2009, 2:39 AM

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းထိန်ဦး (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန - ဒေါက်တာဒေါ်နွဲ့နွဲ့ဦး
(တာဝန်ခံဆရာဝန်-ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့)
တို့၏သားငယ်

မောင်လမင်းဦး B.E (Electronics)

Senior Field Engineer (Schlumberger Logelco Inc.)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးဇော်ဝင်းမော်(ပါမောက္ခ၊ ဌာနကြီးမှူး)-ဒေါ်သီတာခင်
တို့၏သမီးကြီး

မမေဇင်ဝင်းမော် B.Sc (Hons:) in Applied Accounting

Internal Auditor (Far East Organization)

တို့၏ ၃၁-၁၀-၂၀၀၉ရက် (စနေနေ့)တွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော လက်ထပ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့်ဇနီးဒေါ်ရီရီဝင်း၊စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဘကြီး ဒေါက်တာဦးမျိုးခင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊ မြန်မာပြည်အလယ်ပိုင်း)နှင့် ကြီးကြီး ဒေါက်တာဒေါ်ခင်မေဦး (ဒုတိယညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ဆွေမျိုးမိတ်သင်္ဂဟများ၊၂၆-၁၀-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တိုင်းတွဲဖက်တရားသူကြီး ဒေါ်စိုးစိုးအောင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မမေမွန်ဝင်းမော်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မပြည့်ပြည့်လွင်၊ သတို့သားအရံများဖြစ်သော မောင်ရဲဇေလတ်နှင့် မောင်ထူးကျော်ဝင်း၊ သတို့သမီးအရံများဖြစ်သော မချို့နှင်းလွင်နှင့် မသင်ဇာဝင်းမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်းနှင့် Spectrum တေးဂီတအဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော သဇင်ရတနာ(ဗိုလ်ချုပ်ဈေး)၊ မေတ္တာဖြင့် သီဆိုချီးမြှင့်ပေးပါသော တေးသံရှင် ခင်မောင်တိုး၊ မိတ်ကပ်အလှဖန်တီးပေးသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော Eternal Flowers၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ အစစအရာရာကူညီပေးပါသော ငယ်သူငယ်ချင်းများ၊ Traders Hotel မှ မမြတ်နိုးသူ၊ မင်္ဂလာဖိတ်စာပုံနှိပ်ရိုက်ကူးပေးပါသော ဒဂုံပုံနှိပ်တိုက်၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လမင်းဦး-မမေဇင်ဝင်းမော်။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ကျော်ကျော်** ၁၂/ဥကတ(နိုင်) ၁၈၄၇၀၀နှင့် ကျွန်မ **မသူဇာဝင်းဇော်** ၁၂/ဗဟန(နိုင်) ၀၉၄၉၃၄တို့သည် ၂-၁၁-၂၀၀၉ ရက်တွင် ခရမ်းမြို့နယ်တရားရုံး၊ ဒုတိယ မြို့နယ်တရားသူကြီး ဦးအောင်မင်းထွန်း (တ/၂၆၅၅) ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်ကျော်-မသူဇာဝင်းဇော်။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ကောင်းကျော်** ၁၂/သကတ(နိုင်) ၁၇၆၂၉၀ နှင့် ကျွန်မ **မခိုင်သဉ္ဇာမြင့်** ၁၂/ပဇတ(နိုင်)၀၃၂၇၃၅ တို့သည် ၂၈-၉-၂၀၀၉ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

မောင်ကောင်းကျော်-မခိုင်သဉ္ဇာမြင့်။

ငပလီမြေကွက်ရောင်းမည်

ငပလီကမ်းခြေအနီး ခြံမြေဧရိယာ ၁၉ ဧကခန့်၊ ရှုခင်းလှပ၍ ကမ်းခြေနှင့် တောင်ပေါ် View တစ်ဆက်တစ်စပ်တည်း၊ ဟိုတယ်လုပ်ငန်း(သို့) ရင်းနှီးမြှုပ်နှံမှုတို့ လုပ်ကိုင်ရန်အတွက် ကောင်းမွန်၊ သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းမည်။

ဖုန်း-၀၉-၅၁-၀၂၉၂၉၊ ၂၄၁၉၅။

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် (၆/B)၊ ဧရိယာ ၀ဒသမ ၀၂၈ဧကအကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုလည်းကောင်း၊ မြေကွက်အမှတ်(၃၈/၅-ခ)၊ ဧရိယာ ၀ဒသမ၀၈၃ဧက အကျယ်ရှိ မြေပိုင်ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ဦးသီဟညွန့် ၁၂/အလန(နိုင်) ၀၂၇၅၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းအောင် B.Sc., R.L., D.B.L
(တရားရုံးချုပ်ရှေ့နေ)
အခန်း ၁၀၄၊ အမှတ် ၅၆၇၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၆၃၁၈။

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆I)၊ မြေကွက် အမှတ် (၆၉ C/၂-B)၊ ဧရိယာ ၀ဒသမ၁၃၂ဧက အကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၆၉ C၊အောင်ဇေယျ ၁လမ်း၊ ရွှေတောင်ကြား၁ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံနှင့် ယင်းတို့ နှင့်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်ချောစုစုအေး ၁၂/ဗဟန(နိုင်) ၀၉၉၀၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထိန်လင်းဦး LL.B (တရားရုံးချုပ်ရှေ့နေ)
အခန်း ၁၀၄၊ အမှတ် ၅၆၇၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၆၃၁၈။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ကျောက်တန်း ဘိုးဘွားရိပ်သာသို့ ရန်ကုန်မြို့ ကြည့်မြင်တိုင် မန်ကျည်းတန်း မြောက်(အရှေ့) ရပ်ကွက် သက်ကြီးထောက်ပံ့ပူဇော်ရေးအဖွဲ့မှ အောက်တိုဘာ၉ရက်က ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ ပြုစုစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုဝင်ဘာ ၂ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပသော တတိယအကြိမ် အာရှအိမ်တွင်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အသင်းအုပ်ချုပ်သူ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်မောင်ဝင်း၊ အားကစားသမားများဖြစ်ကြသော ကျော်ဦး (မြို့တော်စည်ပင်)၊ အောင်ငွေး (လယ်ယာ/ဆည်မြောင်း)တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထွက်ခွာသွားစဉ်။ (မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ရတနာပုံအသင်းထိပ်ဆုံး၌ ဆက်လက်ရပ်တည်

သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် နိုဝင်ဘာ ၄

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၃၇)ကို ယနေ့ ညနေ၄နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပရာ ရတနာပုံအသင်းက မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ရတနာပုံအသင်း - နှစ်ဂိုး
မကွေးအသင်း - တစ်ဂိုး

အခု MNL အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲပျောက်တာကြာပြီဖြစ်တဲ့ မကွေးအသင်းကတော့ အခုပွဲမှာလည်း ရတနာပုံကို အရေးနိမ့်ခဲ့ရပြန်ပါတယ်။ ရတနာပုံနဲ့ တွေ့တိုင်း ရလဒ်မကောင်းတတ်တဲ့ မကွေးအသင်းဟာ အခုပွဲမှာလည်း အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပြန်တာကြောင့် နိုင်ပွဲပျောက်ဆုံးနေမှုကို မရပ်တန့်နိုင်ခဲ့ပါဘူး။ မကွေးအသင်းဟာ ခံစစ်ပိုင်းအားနည်းမှုကြောင့် ပွဲအစမှာ နှစ်ဂိုးပေးလိုက်ရပေမယ့် ဒုတိယပိုင်းမှာ ရတနာပုံဘက်ကို အကောင်းဆုံးခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ပယ်နယ်တီပေးလို့ရတဲ့ အနေအထားကို ဒိုင်က ပြစ်ဒဏ်ဘောသာပေးခဲ့လို့ မကွေးအသင်းနစ်နာခဲ့ရသလို ပွဲပြီးခါနီးမှာလည်း မကွေးတိုက်စစ်မှူး ခိုင်ဇော်ထွန်းနဲ့ ရတနာပုံ နောက်ခံလူ ဂျီနွန်အိယန်တို့ တိုက်ရိုက် အနီကတ်နဲ့ ထုတ်ပယ်ခဲ့ပါတယ်။

အမှားမခံ

ရတနာပုံအသင်းကတော့ ထိပ်ဆုံးနေရာမှာ ဆက်လက်ရပ်တည်နိုင်ဖို့ အခုပွဲကို အမှားမခံခဲ့ပါဘူး။ လူစုံထုတ်ပြီး အနိုင်ရဖို့ကြိုးစားခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ မကွေးအသင်းရဲ့ဖိအားပေးခြင်းကို ခံခဲ့ရပါတယ်။မကွေးအသင်းကို အနိုင်ကစားခဲ့တဲ့ ရတနာပုံအသင်းဟာ ထိပ်ဆုံးနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဒုတိယနေရာကဒယ်လ်တာယူနိုက်တက်အသင်းထက် တစ်ပွဲ ပိုကစားပြီး ငါးမှတ်ဖြတ်နိုင်ခဲ့ပါတယ်။

ရတနာပုံအသင်းမှ မက်သယူး၏ ထိုးဖောက်မှုကို မကွေးနောက်ခံလူ လင်းလင်းထွေး တားဆီးနေစဉ်။(မြန်မာ့အလင်း)

ဖိကစားခဲ့

ထိပ်ဆုံးနေရာအတွက် ရတနာပုံအသင်းဟာ ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး တိုက်စစ်တွဲလုံးတွေကို မကွေးနောက်တန်း မထိန်းနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ညာခြမ်းက ဘာဘိုကို မထိန်းနိုင်တာကြောင့် ရတနာပုံအသင်း ဂိုးသွင်းခွင့်တွေ ရခဲ့ပြီး ခုနစ်မိနစ်မှာ တိုက်စစ်မှူး ရန်ပိုင်က ရတနာပုံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ရတနာပုံအသင်းက ဖိကစားခဲ့ပြီး ၁၃မိနစ်မှာ မကွေးနောက်ခံလူ အပိုနာဇီ ကိုယ့်ဂိုးကိုယ်သွင်းမိလို့ ရတနာပုံ ဒုတိယဂိုးထပ်ရခဲ့ပါတယ်။ပထမပိုင်းမှာတော့ မကွေးအသင်းရဲ့ တိုက်စစ်တွဲလုံးတွေဟာ အလုပ်သိပ်မဖြစ်ခဲ့ပါဘူး။

တိုက်စစ်ပိုကောင်း

ဒုတိယပိုင်းမှာ မကွေးအသင်း တိုက်စစ်အားမြှင့်ခဲ့သလို ပြည့်ဖြိုးဦး ပါလာတာကြောင့်လည်း တိုက်စစ်ပိုကောင်းခဲ့ပါတယ်။ ၅၁မိနစ်မှာ လူစားဝင်လာတဲ့ ပြည့်ဖြိုးဦးက ပြစ်ဒဏ်ဘောကနေ တိုက်ရိုက်ကန်သွင်းပြီး တစ်လုံးတည်းသော ချေပဂိုးကို သွင်းယူခဲ့ပါတယ်။ ဂိုးရပြီး နောက်ပိုင်းမှာ မကွေးအသင်း ဂိုးရနိုင်တဲ့ အခွင့်အရေးတွေရခဲ့ပြီး အရှုံးနာရဲ့ အပိုင်ခေါင်းတိုက်ချက်ကလည်း လွဲချော်ခဲ့ပါတယ်။ခိုင်ဇော်ထွန်းရဲ့ တစ်ကိုယ်တော် ထိုးဖောက်မှုကို ရတနာပုံ နောက်ခံလူ ခင်မောင်ထွန်း ဖျက်ထုတ်ခဲ့ပေမယ့် ဒိုင်က ပြစ်ဒဏ်ဘောသာပေးခဲ့ပြီး အဲဒီပြစ်ဒဏ်ဘောကို ဇော်ထက်အောင် ကန်သွင်းပေမယ့် ဘားထိထွက်သွားလို့ မကွေးအသင်း ချေပဂိုးနဲ့ ဝေးခဲ့ရတာပါ။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဥဿာယူနိုက်တက်-ဆောက်သမ်းမြန်မာ။

(မြန်မာ့အလင်း)

Myanmar Golf Tour (2009-2010)

IBTC Open Golf Championships (Mandalay)

ဂေါက်သီးရိုက်ပြိုင်ပွဲ ရေတံခွန်တောင် ဂေါက်ကွင်းတွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010) ၏ စတုတ္ထပွဲစဉ်အဖြစ် IBTC Open Golf Championships (မန္တလေး) ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ထိုက်တန်ဆု

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12 အဆင့်)ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ ပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole-In-One ဆုရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများချီးမြှင့်မည်ဖြစ်သည်။

စာရင်းသွင်းနိုင်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် နိုဝင်ဘာ ၁၀ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၅၀-၁၇၀၄၉၊ ၀၉-၂၀-၃၇၆၇၁နှင့် ရေတံခွန်တောင် ဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းနိုင်သည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co.,Ltd.(IBTC) က အဓိကကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် Air Bagan Ltd., KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte.,Ltd., Myanmar Thiha Trading Co.,Ltd., Bay of Bengal Resort(BOB), (INAX, T-Home), CEPSA Lubricantes, ACCEL International Co.,Ltd.,(Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd., GP Watch နှင့် ရေတံခွန်တောင် ဂေါက်ကလပ်တို့က ထပ်မံပံ့ပိုးကူညီကြသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ *